ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာ



အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ နည်းပညာပံ့ပိုးကူညီပါသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလ
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း

# အစီရင်ခံစာ - ၂၀၁၇ ခုနှစ်

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ နည်းပညာပံ့ပိုးကူညီပါသည်။

၂၀၁၉ ခုနှစ် ၊ ဧပြီလ    နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




ညွှန်ပြချက်

ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်နယ်နိမိတ်

မြစ်ကြောင်းများ

# ဥယျောဇဉ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသည် လုပ်သားစာရင်းအင်း (Labour Statistics) ဆိုင်ရာ အချက်အလက်များ စဉ်ဆက်မပြတ် ရရှိစေရေးနှင့် ရာသီချိန်အလိုက် အလုပ်အကိုင်ပြောင်းလဲမှုအခြေအနေကို သိရှိနိုင်ရန်နှင့် နိုင်ငံတော်အတွက် လိုအပ်နေသော စာရင်းဇယားများ ပြည့်စုံစေရန် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို နှစ်ကြိမ်ခွဲ ကောက်ယူနိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ စီမံချက်ရေးဆွဲတင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ကောက်ယူရာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ကနည်းပညာပံ့ပိုးကူညီပေးခဲ့ပြီး၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကောက်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့သို့ကောက်ယူခဲ့ရာတွင် မှန်ကန်သောစာရင်းအချက်အလက်များရရှိစေရန်နှင့် စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်စေရေးအတွက် လိုအပ်သော စီမံခန့်ခွဲမှုနှင့် ညွှန်ကြားချက်များပေးနိုင်ရေး စာရင်းအင်းနှင့် သက်ဆိုင်သောဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စာရင်းအင်းကျွမ်းကျင်သူ အဖွဲ့ဝင်များပါဝင်ပြီး၊ နှစ်စဉ်လုပ်သားအင်အားဆိုင်ရာ ဦးစီးကော်မတီနှင့် နည်းပညာကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည်။

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာကို ၂၀၁၇ ခုနှစ်တွင် နှစ်ကြိမ်ခွဲ ကောက်ယူခဲ့သည့် အချက်အလက်များအရ တွက်ချက်ထုတ်ယူခဲ့ခြင်းဖြစ်ပြီး၊ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိစာရင်းကောက်ကွက် ၁,၅၆၀ ကွက်မှ နမူနာအိမ်ထောင်စု ၂၈,၀၈၀ သို့ ကွင်းဆင်းကောက်ယူရန် သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ စာရင်းကောက်ကွက် ၁၃ ကွက်ကို နယ်မြေလုံခြုံမှုအခြေအနေအရလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း စာရင်းကောက်ယူနိုင်ခဲ့ခြင်းမရှိ၍ စာရင်းကောက်ကွက် စုစုပေါင်း ၁,၅၄၇ ကွက်မှ အိမ်ထောင်စုပေါင်း ၂၇,၈၄၆ ကို ကွင်းဆင်းစာရင်းကောက်ယူနိုင်ခဲ့ပါသည်။ ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများကို စီစဉ်သူ (Coordinator) ၊ ကြီးကြပ်ရေးမှူး (Supervisor) နှင့် စာရင်းကောက်သူ (Enumerator) များအဖြစ် အသီးသီးတာဝန်ပေးအပ်ခဲ့ပြီး လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ဝန်ထမ်းများကို လုပ်သားအင်အားစစ်တမ်းအဖွဲ့ (Labour Force Team) နှင့် စာရင်းရေးသွင်းခြင်းအဖွဲ့ (Data Entry Team) တို့အဖြစ် သီးခြားတာဝန်များပေးအပ်ဆောင်ရွက်ခဲ့ပါသည်။

လုပ်သားအင်အားစစ်တမ်းအဖွဲ့မှ တာဝန်ရှိသူများသည် အချက်အလက်များ မှန်မှန်ကန်ကန် ရရှိစေရန်နှင့် စာရင်းကောက်ယူစဉ် နမူနာရွေးချယ်မှုကြောင့်မဟုတ်သည့်အမှား (non-sampling error) များနည်းပါးစေရေးအတွက် ကွင်းဆင်းကောက်ယူမှုလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ပေးပို့လာသော မေးခွန်းလွှာများကို စိစစ်မှုများပြုလုပ်၍ စိစစ်ပြီးမေးခွန်းလွှာများအား ကွန်ပျူတာစာရင်းရေးသွင်းခြင်းကို ILO ၏အကူအညီဖြင့် ထိုင်းနိုင်ငံ၊ National Statistical Office, Social Statistics Bureau မှ Mr. Chirawat Poonsab က CSPro အချက်အလက်ရေးသွင်းခြင်းပရိုဂရမ်ဖြင့် စာရင်းရေးသွင်းခြင်းသင်တန်းကို ပို့ချပေးခဲ့ရာ၊ သင်တန်းဖွင့်ပွဲကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပြီး၊ Program ရေးသားခြင်းကို ဒီဇင်ဘာလ ၇ ရက်နေ့မှ ၁၂ ရက်နေ့ထိ သင်ကြားပို့ချပေးခဲ့ပါသည်။

စာရင်းရေးသွင်းခြင်းကို ဝန်ထမ်း ၂၂ ဦးဖြင့် Double Entry ဆောင်ရွက်ခဲ့ပြီး ရေးသွင်းထားသည့် အချက်အလက်များ ကိုက်ညီမှု ရှိ၊ မရှိကို Data Entry Manager ၂ ဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ရာ ၊ ILO Regional Office for Asia and the Pacific မှ Regional Labour Statistician ဖြစ်သူ Mr. Tite Habiyakare ကအချက်အလက်များထုတ်ယူခြင်း၊ Weight တွက်ချက်ခြင်းနှင့် အစီရင်ခံစာရေးသား ပြုစုခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါသည်။ စစ်တမ်းကောက်ယူရာတွင် အရည်အသွေး ကောင်းမွန် စေရေးနှင့် နိုင်ငံတကာ စာရင်းအင်းအချက်အလက်များနှင့်နှိုင်းယှဉ်နိုင်ရေးတို့တွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ချမှတ်ထားသည့် နောက်ဆုံးအဓိပ္ပာယ်သတ်မှတ်ချက်များ၊ ၁၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စာရင်းအင်းပညာရှင်များညီလာခံ (19th ICLS) က ချမှတ်သည့် တိုက်တွန်းချက်များဖြစ်သည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်း (ပြင်ဆင်ချက်-၄) (International Standard Industrial Classification of All Economic Activities-ISIC Rev.4)၊ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်ခွဲခြားမှု စံထားအညွှန်း (၂၀၀၈) (International Standard Classification of Occupations-ISCO, 2018)၊ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်အခြေအနေ ခွဲခြားမှု စံထားအညွှန်း (ပြင်ဆင်ချက်) (Revision of the International Classification of Status in Employment-ICSE) တို့ကို အသုံးပြုကောက်ယူခဲ့ပြီး စာရင်းဇယားများကို ထုတ်ယူခဲ့ပါသည်။

ယခုကဲ့သို့ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ILO မှ တာဝန်ရှိသူများ၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူ များနှင့် ဝန်ထမ်းများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသနယ်မြေများ ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ အထူးသဖြင့် မေးခွန်းလွှာများကို စိတ်အားထက်သန်စွာနှင့် စိတ်ရှည်စွာဖြေဆိုပြီး ပူးပေါင်းကူညီပေးခဲ့ကြ သော တိုင်းရင်းသားပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

လုပ်သားအင်အားစစ်တမ်း ကောက်ယူခြင်းမှ ရရှိလာသော အချက်အလက်များကို မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics- NSDS)၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ (Sustainable Development Goals-SDGs)၊ မြန်မာနိုင်ငံ သင့်လျော်ကောင်းမွန်သော အလုပ် အကိုင်ဌာနေအစီအစဉ် (Decent Work Country Program-DWCP)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာဆီယံနှင့် နိုင်ငံတကာစာရင်းအင်းစာစောင်များအတွက် ပံ့ပိုးပေးနိုင်ခဲ့ပြီး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာမူဝါဒများ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ထိရောက်စွာအသုံးပြုနိုင်မည်ဟု ကျွန်ုပ်အနေဖြင့် လေးနက်စွာ ယုံကြည်မျှော်လင့်မိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျေးဇူးတင်လွှာ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ နှစ်စဉ် လုပ်သားအင်အားစစ်တမ်း ကောက်ယူနိုင်ရန် ခွင့်ပြုပေးခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ပြီးမြောက်အောင်မြင်စေရန် အဖက်ဖက်မှ ဝိုင်းဝန်း ပံ့ပိုးကူညီပေးခဲ့ကြသော အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။

စစ်တမ်းကောက်ယူရာတွင် အားတက်သရော ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်သူ့အင်အားဦးစီးဌာနတို့အားလည်းကောင်း၊ လက်တွေ့မြေပြင် ကွင်းဆင်းကောက်ယူခဲ့ကြသော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ လက်တွေ့ကွင်းဆင်း ကောက် ယူရာတွင် အဆင်ပြေချောမွေ့စေရန် ကူညီပံ့ပိုးပေးခဲ့သော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအားလည်းကောင်း၊ နေ့/ည စာရင်း ရေးသွင်းခြင်း၊ စစ်ဆေးခြင်း၊ Double Entry ရေးသွင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာ (ရုံးချုပ်)၊ အထူးသဖြင့် လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ဝန်ထမ်းများအားလည်းကောင်း အသိအမှတ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို နည်းပညာအကူအညီများ ပေးခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization – ILO) မှ ILO Regional Office for Asia and the Pacific မှ Regional Labour Statistician ဖြစ်သူ Mr. Tite Habiyakare အားလည်းကောင်း၊ ထိုင်းနိုင်ငံ၊ National Statistical Office, Social Statistics Bureau မှ Mr. Chirawat Poonsab နှင့် National Project Coordinator ဒေါ်ဝင်းမြင့်တို့အား အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# မာတိကာ


| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| **အခန်း (၁)** | **အဓိကတွေ့ရှိချက်များ** | ၁-၃ |
| **အခန်း (၂)** | **စစ်တမ်းကောက်ယူခြင်းဆိုင်ရာနည်းလမ်း** | ၄-၁၇ |
| | ၂.၁ နိဒါန်း | |
| | ၂.၂ မေးခွန်းလွှာဒီဇိုင်း | |
| | ၂.၃ နမူနာဒီဇိုင်း | |
| | ၂.၄ အလွှာခွဲခြင်း | |
| | ၂.၅ အကွက်ငယ်များ ဖွဲ့စည်းခြင်းနှင့်ရွေးချယ်ခြင်း | |
| | ၂.၆ ဒုတိယအဆင့်တွင် နမူနာစာရင်းစဉ်ပြင်ဆင်ခြင်း | |
| | ၂.၇ ဒုတိယအဆင့် ယူနစ်များအား ခွဲဝေသတ်မှတ်ခြင်း | |
| | ၂.၈ ပထမအဆင့် နမူနာများအား (FSUs) ရွေးချယ်ခြင်း | |
| | ၂.၉ အိမ်ထောင်စုများအား ရွေးချယ်ခြင်း | |
| | ၂.၁၀ အစားထိုးခြင်း | |
| | ၂.၁၁ ခန့်မှန်းခြေများ ရှာနည်း | |
| | ၂.၁၂ ခန့်မှန်းခြင်းအတွက် ပုံသေနည်း | |
| | ၂.၁၃ အချိုးခန့်မှန်းခြင်း | |
| | ၂.၁၄ အမှားခန့်မှန်းခြင်း | |
| | ၂.၁၅ အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် အမျိုးအစားခွဲခြားခြင်း | |
| **အခန်း (၃)** | **အိမ်ထောင်စုနှင့် လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများ** | ၁၈-၂၂ |
| | ၃.၁ လူဦးရေ ပျံ့နှံ့မှု | |
| | ၃.၂ ခန့်မှန်းရည်ညွှန်းကာလ | |
| | ၃.၃ အိမ်ထောင်စုများနှင့် လူဦးရေခန့်မှန်းခြင်း | |
| | ၃.၄ အသက်အုပ်စုအလိုက်လူဦးရေပျံ့နှံ့မှုအခြေအနေ | |
| | ၃.၅ မှီခိုသူအချိုး | |
| | ၃.၆ ပညာရေးဆိုင်ရာအကြောင်းအရာ | |
| **အခန်း (၄)** | **စီးပွားရေးဆိုင်ရာ ဝိသေသလက္ခဏာများ** | ၂၃-၂၈ |
| | ၄.၁ လုပ်သားအင်အား | |
| | ၄.၂ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိရခြင်း အကြောင်းကို ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြမှု | |
| **အခန်း (၅)** | **အလုပ်အကိုင်** | ၂၉-၃၇ |
| | ၅.၁ အလုပ်လက်ရှိဦးရေ | |
| | ၅.၂ အလုပ်အကိုင်အခြေအနေ | |
| | ၅.၃ အလုပ်အကိုင်အလိုက် အလုပ်လက်ရှိဦးရေ | |

| အခန်း | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| **အခန်း (၆)** | **လုပ်ခလစာနှင့် အလုပ်အကိုင်အခြေအနေ** | ၃၈-၄၄ |
| | ၆.၁ တစ်ပတ်ဝင်ငွေရရှိမှု | |
| | ၆.၂ သဘောတူစာချုပ် ချုပ်ဆိုမှုပုံစံ | |
| | ၆.၃ အလုပ်ချိန်နာရီ | |
| | ၆.၄ အလုပ်အကိုင် ပြောင်းလဲလုပ်ကိုင်လိုခြင်း | |
| **အခန်း (၇)** | **လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်း** | ၄၅-၄၇ |
| | ၇.၁ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း | |
| | ၇.၂ လူငယ်များ၏ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း | |
| **အခန်း (၈)** | **ကလေးလုပ်သား** | ၄၈-၅၂ |
| | ၈.၁ အလုပ်လုပ်သောကလေးများ | |
| | ၈.၂ ကလေးလုပ်သား | |
| | ၈.၃ အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သား | |
| **နောက်ဆက်တွဲ** | အသေးစိတ်အချက်အလက်ဇယားများ | |
| | အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာများ | |
| | စစ်တမ်းမေးခွန်းလွှာများ | |

# ဇယားများ


| ဇယားအမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ဇယား ၂.၁ | နမူနာစာရင်းကောက်ကွက် ခွဲဝေခြင်း | ၅-၆ |
| ဇယား ၃.၁ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်လူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၁၉ |
| ဇယား ၃.၂ | အသက်အုပ်စုအလိုက် လူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၁၉-၂၀ |
| ဇယား ၃.၃ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှီခိုသူအချိုး (မြို့ပြ၊ ကျေးလက်) | ၂၁ |
| ဇယား ၃.၄ | ပညာရေးပြီးမြောက်မှု အဆင့်အလိုက် အသက် ၅ နှစ်နှင့်အထက် လူဦးရေ ပျံ့နှံ့မှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၂၂ |
| ဇယား ၄.၁ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၂၃ |
| ဇယား ၄.၂ | အသက်အုပ်စုအလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၂၅ |
| ဇယား ၄.၃ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၂၆ |
| ဇယား ၄.၄ | ပညာရေးပြီးမြောက်မှု အဆင့်အလိုက် လုပ်သားအင်အား ပါဝင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၂၇ |
| ဇယား ၄.၅ | အလုပ်မလုပ်လိုသည့် (သို့မဟုတ်) အလုပ်လက်ခံ မဆောင်ရွက်နိုင်သည့် အဓိကအကြောင်းအရင်းအလိုက် လုပ်သားအင်အားပြင်ပတွင်ရှိသူ ပျံ့နှံ့မှု အခြေအနေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၂၈ |
| ဇယား ၅.၁ | အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ အလုပ်လက်ရှိ ဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၂၉ |
| ဇယား ၅.၂ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်လက်ရှိ ပျံ့နှံ့မှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၀ |
| ဇယား ၅.၃ | အလုပ်အကိုင်ပျံ့နှံ့မှုအခြေအနေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၁ |
| ဇယား ၅.၄ | စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိ ပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၂-၃၃ |
| ဇယား ၅.၅ | အလုပ်အကိုင်အလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၃-၃၄ |
| ဇယား ၅.၆ | ပညာရေးပြီးမြောက်မှုအဆင့်အလိုက် အလုပ်လက်ရှိပျံ့နှံ့မှု ရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၅ |
| ဇယား ၅.၇ | အသက်အုပ်စုအလိုက် သမရိုးကျမဟုတ်သော အလုပ်အကိုင် လုပ်ကိုင်သူတို့၏ ပျံ့နှံ့မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၆ |

| ဇယားအမှတ် | ဇယားများ | စာမျက်နှာ |
|---|---|---|
| ဇယား ၅.၈ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်သူတွင် သမရိုးကျ မဟုတ်သော အလုပ်လုပ်ကိုင်သူ ပါဝင်မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၇ |
| ဇယား ၆.၁ | လုပ်ခလစာရ အလုပ်သမားတို့၏ တစ်ပတ်ဝင်ငွေရရှိမှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၈ |
| ဇယား ၆.၂ | လုပ်ခလစာရ အလုပ်သမားတို့၏ တစ်လဝင်ငွေရရှိမှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၃၉ |
| ဇယား ၆.၃ | အလုပ်လုပ်ကိုင်နေသူအားလုံး၏ တစ်လ လုပ်ခ၊ ဝင်ငွေရရှိမှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၁ |
| ဇယား ၆.၄ | လစာရအလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ စာချုပ်ချုပ်ဆိုမှုပုံစံ ပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၂ |
| ဇယား ၆.၅ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် လုပ်ခ လစာရ အလုပ်သမားတို့၏ ပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၃ |
| ဇယား ၆.၆ | လစာရအလုပ်သမားတို့၏ လက်ရှိအလုပ်အကိုင်ကို ပြောင်းလဲ လုပ်ကိုင်လိုသည့် အကြောင်းပြချက်အလိုက် ပျံ့နှံ့မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၄ |
| ဇယား ၇.၁ | လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်သူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၅ |
| ဇယား ၇.၂ | လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၆ |
| ဇယား ၇.၃ | အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြား လူငယ်များ၏ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်သူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၆ |
| ဇယား ၇.၄ | အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြား လူငယ်များ၏ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၇ |
| ဇယား ၈.၁ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေး ဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၈-၄၉ |
| ဇယား ၈.၂ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၄၉-၅၀ |
| ဇယား ၈.၃ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးလုပ်သားပါဝင်မှုရာခိုင်နှုန်း (ကျား၊ မ၊ ကျေးလက်၊ မြို့ပြ) | ၅၀-၅၁ |
| ဇယား ၈.၄ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သားပါဝင်မှု ရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်) | ၅၂ |

# ပုံများ


| ပုံအမှတ် | ပုံများ | စာမျက်နှာ |
|---|---|---|
| ပုံ ၃.၁ | အသက်အုပ်စုအလိုက် လူဦးရေပျံ့နှံ့မှုနှုန်း | ၂၀ |
| ပုံ ၃.၂ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှီခိုသူအချိုး | ၂၁ |
| ပုံ ၄.၁ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့် အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ | ၂၄ |
| ပုံ ၄.၂ | အသက်အုပ်စုအလိုက် လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း | ၂၅ |
| ပုံ ၄.၃ | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်သားအင်အား ပါဝင်မှုနှုန်း | ၂၆ |
| ပုံ ၅.၁ | အလုပ်အကိုင်ပျံ့နှံ့မှုအခြေအနေ | ၃၁ |
| ပုံ ၅.၂ | အလုပ်အကိုင်အလိုက် အလုပ်လက်ရှိပျံ့နှံ့မှု | ၃၄ |
| ပုံ ၅.၃ | ပညာရေးပြီးမြောက်မှုအဆင့်အလိုက် အလုပ်လက်ရှိ ပျံ့နှံ့မှုရာခိုင်နှုန်း | ၃၅ |
| ပုံ ၆.၁ | လုပ်ခလစာရ အလုပ်သမားတို့၏ တစ်လဝင်ငွေရရှိမှု | ၄၀ |
| ပုံ ၆.၂ | တစ်ပတ်အလုပ်ချိန်နာရီအလိုက် လုပ်ခလစာရ အလုပ်သမားတို့၏ ပျံ့နှံ့မှု ရာခိုင်နှုန်း | ၄၃ |
| ပုံ ၈.၁ | အလုပ်မလုပ်သောကလေးနှင့် အလုပ်လုပ်သော ကလေးရာခိုင်နှုန်း | ၅၂ |

## အခန်း (၁)

## အဓိကတွေ့ရှိချက်များ

| | ၂၀၁၅ ခုနှစ် | ၂၀၁၇ ခုနှစ် |
|---|---|---|
| အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သောအသက်အပိုင်းခြားရှိ လူဦးရေ (သန်းပေါင်း) | ၃၃.၉၃ | ၃၆.၃၉ |
| ကျား | ၁၅.၅၅ | ၁၆.၆၂ |
| မ | ၁၈.၃၈ | ၁၉.၇၇ |
| လုပ်သားအင်အား (သန်းပေါင်း) | ၂၁.၉၅ | ၂၂.၂၈ |
| ကျား | ၁၂.၄၇ | ၁၂.၈၄ |
| မ | ၉.၄၈ | ၉.၄၄ |
| အလုပ်လက်ရှိဦးရေ (သန်းပေါင်း) | ၂၁.၇၉ | ၂၁.၉၄ |
| ကျား | ၁၂.၃၉ | ၁၂.၆၉ |
| မ | ၉.၄ | ၉.၂၅ |
| လုပ်သားအင်အားပါဝင်မှုနှုန်း (%) | ၆၄.၇ | ၆၁.၂ |
| ကျား | ၈၀.၂ | ၇၇.၃ |
| မ | ၅၁.၆ | ၄၇.၇ |
| လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး (%) | ၆၄.၂ | ၆၀.၃ |
| ကျား | ၇၉.၇ | ၇၆.၄ |
| မ | ၅၁.၁ | ၄၆.၇ |
| အလုပ်လက်မဲ့နှုန်း (%) | ၀.၈ | ၁.၆ |
| ကျား | ၀.၇ | ၁.၂ |
| မ | ၀.၉ | ၂.၀ |
| စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်း (%) | ၆.၉ | ၇.၂ |
| ကျား | ၆.၀ | ၆.၇ |
| မ | ၈.၁ | ၈.၀ |
| အသက် ၁၅-၂၄ နှစ် လူငယ်များ၏ အလုပ်လက်မဲ့နှုန်း(%) | ၁.၆ | ၄.၀ |
| ကျား | ၁.၄ | ၃.၃ |
| မ | ၁.၈ | ၄.၈ |
| စုစုပေါင်းအလုပ်လုပ်သူဦးရေတွင် အလုပ်သမား ပါဝင်မှုနှုန်း (%) | ၃၈.၅ | ၃၆.၈ |
| ကျား | ၃၉.၄ | ၃၆.၆ |
| မ | ၃၇.၃ | ၃၇.၀ |
| စုစုပေါင်းအလုပ်လုပ်သူဦးရေတွင် သမရိုးကျမဟုတ်သော အလုပ်လုပ်ကိုင်နေသူ ပါဝင်မှုရာခိုင်နှုန်း (%) | ၈၇.၅ | ၈၂.၄ |
| ကျား | ၈၆.၀ | ၇၆.၈ |
| မ | ၈၉.၅ | ၉၀.၂ |

| | ၂၀၁၅ ခုနှစ် | ၂၀၁၇ ခုနှစ် |
|---|---|---|
| **ပျမ်းမျှ တစ်လလုပ်ခ ('၀၀၀ ကျပ်)** | **၁၁၅.၄** | **၁၇၁.၆** |
| ကျား | ၁၂၈.၉ | ၁၈၀.၀ |
| မ | ၉၆.၇ | ၁၆၀.၂ |
| **အသက် ၅-၁၇ နှစ် ကလေးဦးရေ စုစုပေါင်း (သန်းပေါင်း)** | **၁၂.၁၄** | **၁၂.၄၁** |
| ကျား | ၆.၀၁ | ၆.၁၆ |
| မ | ၆.၁၃ | ၆.၂၅ |
| **ကလေးဦးရေ စုစုပေါင်းတွင် အလုပ်လုပ်သော ကလေးပါဝင်မှု ရာခိုင်နှုန်း (%)** | **၁၀.၅** | **၅.၂** |
| ကျား | ၁၁.၃ | ၅.၈ |
| မ | ၉.၈ | ၄.၅ |
| **ကလေးဦးရေစုစုပေါင်းတွင် ကလေးလုပ်သား ပါဝင်မှုရာခိုင်နှုန်း (%)** | **၉.၃** | **၃.၄** |
| ကျား | ၁၀.၀ | ၄.၀ |
| မ | ၈.၅ | ၂.၉ |

## ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း လူဦးရေအခြေပြဇယား



## အခန်း (၂)

## စစ်တမ်းကောက်ယူခြင်းဆိုင်ရာနည်းလမ်း

### ၂.၁ နိဒါန်း

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ ၂၀၁၅ ခုနှစ် စစ်တမ်းပါ အချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန်၊ ရာသီချိန်အလိုက် အလုပ်အကိုင်ပြောင်းလဲမှု အခြေအနေကို သိရှိနိုင်ရန်နှင့် လုပ်သားဈေးကွက် သတင်းအချက်အလက် (Labour Market Information – LMI) များ စဉ်ဆက်မပြတ် ရရှိနိုင်စေရန် ဖြစ်ပါသည်။ ဤစစ်တမ်းတွင် တစ်နိုင်ငံ လုံးရှိ တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခု နှင့် ပြည်ထောင်စုနယ်မြေတို့အား လွှမ်းခြုံပါသည်။ ဤစစ်တမ်းသည် လုပ်သားအင်အားဆိုင်ရာ ယုံကြည်စိတ်ချရသော အချက်အလက်များကို မြန်မာနိုင်ငံ၏ နိုင်ငံအဆင့်၊ မြို့ပြနှင့် ကျေးလက်အဆင့်များ အပြင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များထိ ရရှိနိုင်မည်ဖြစ်ပါသည်။ ဤစစ်တမ်းမှ အလုပ်အကိုင်အခြေအနေ၊ လုပ်ခလစာ၊ လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှု၊ ကလေးလုပ်သားဆိုင်ရာ အချက်အလက်များလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

### ၂.၂ မေးခွန်းလွှာဒီဇိုင်း

စစ်တမ်းကောက်ယူရာတွင် အသုံးပြုသည့် စစ်တမ်းမေးခွန်းလွှာတွင် အောက်ပါအခန်း များကို ထည့်သွင်းမေးမြန်းခဲ့ပါသည်-

- (က) နမူနာအိမ်ထောင်စု တည်နေရာပြ အချက်အလက်များ၊
- (ခ) အိမ်ထောင်စု ပေါင်းစပ်ဖွဲ့စည်းမှု၊ လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ပညာရေး အဆင့်၊
- (ဂ) လက်ရှိလုပ်ရှားမှုနှင့် အလုပ်အကိုင်ကို ခွဲခြားဖော်ပြခြင်း (အသက် ၅ နှစ်နှင့် အထက် အိမ်ထောင်စုဝင်များ)၊
- (ဃ) လက်ရှိ အဓိကအလုပ်/လုပ်ငန်း၏ သွင်ပြင်လက္ခဏာနှင့်ဝင်ငွေ (အသက် ၅ နှစ်နှင့်အထက် အလုပ်လုပ်သောအိမ်ထောင်စုဝင်များ)၊
- (င) လွန်ခဲ့သော ၇ ရက်အတွင်း ဒုတိယအလုပ်/လုပ်ငန်း၏ သွင်ပြင်လက္ခဏာ (အသက် ၁၄ နှစ်နှင့်အထက် အလုပ်လုပ်သောအိမ်ထောင်စုဝင်များ)၊
- (စ) တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (အသက် ၁၄ နှစ်နှင့်အထက် အလုပ်လုပ်သော အိမ်ထောင်စုဝင်များ)၊
- (ဆ) အလုပ်ရှာခြင်း (လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်မလုပ်သော အသက် ၁၄ နှစ်နှင့် အထက် အိမ်ထောင်စုဝင်များ)။

လိုအပ်ချက်များဖြစ်သော အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာ၊ စာရင်းကောက်လက်စွဲ၊ စာရင်း ကောက်ကြီးကြပ်သူများ၏ စောင့်ကြည့်စစ်ဆေးအကဲဖြတ်လွှာ၊ မေးခွန်းလွှာစိစစ်ရန်အတွက် အစီအစဉ် များကို ကွင်းဆင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

## ၂.၃ နမူနာဒီဇိုင်း

မြန်မာနိုင်ငံ၏ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ပါသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ဤစစ်တမ်း၏ နမူနာစာရင်းစဉ် (Sampling Frame) အဖြစ် အသုံးပြုထားပါသည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် အိမ်ထောင်စု ၁၂၅-၁၅၀ ကို လွှမ်းခြုံနိုင်သောစာရင်းကောက်ကွက်ဧရိယာများကို ဖွဲ့စည်းခဲ့ပါသည်။ သို့သော် သွားလာရန်ခက်ခဲသောဒေသများ၊ ပြန့်ကျဲနေသောဒေသများ၊ ဆီးနှင်းထူထပ် သောဒေသများ၊ နယ်မြေမအေးချမ်းသည့်ဒေသများစသည့် အခက်အခဲများကြောင့် 'စံ'သတ်မှတ်ချက်ကို တစ်ဝက်လျော့ချခဲ့ပါသည်။ အိမ်ထောင်စု ၁၀၀ (သို့) လူဦးရေ ၅၀၀ ရှိသောရွာငယ်များအား စာရင်းကောက်ကွက် တစ်ကွက်အဖြစ် သတ်မှတ်ခဲ့ပါသည်။ စစ်တမ်းတွင်နှစ်ကြိမ်ခွဲ စာရင်းကောက်ကွက်စုစုပေါင်းမှာ ၁,၅၆၀ ဖြစ်ပါသည်။ သို့သော် စာရင်းကောက်ကွက် ၁,၅၄၇ ကွက်သာ စာရင်းကောက်ယူနိုင်ခဲ့ပါသည်။ ကျန်ရှိသည့် စာရင်းကောက်ကွက်များကို နယ်မြေလုံခြုံမှုအခြေအနေအရ မကောက်ယူနိုင်ခဲ့ပါ။ ဤစစ်တမ်းအတွက် စာရင်းကောက်ကွက်များကို ပထမအဆင့်ယူနစ် (First Stage Units-FSUs) (သို့) မူလနမူနာယူနစ် (Primary Sampling Units-PSUs) အဖြစ် သတ်မှတ်ပြီး အိမ်ထောင်စုများအား ဒုတိယအဆင့်ယူနစ် (Second Stage Units-SSUs) (သို့) နောက်ဆုံးနမူနာယူနစ်အဖြစ် သတ်မှတ်ပါသည်။

## ၂.၄ အလွှာခွဲခြင်း

နမူနာဒီဇိုင်းသည် နှစ်ဆင့်အလွှာခွဲနမူနာကောက်နည်း (Two Stage Stratified Sampling Method) ဖြစ်ပြီး၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီ၏ မြို့ပြ (သို့) ကျေးလက်ကို အခြေခံအလွှာ (Stratum) အဖြစ် သတ်မှတ်ပါသည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုနယ်မြေ (၁) ခု၊ တိုင်းဒေသကြီး (၇) ခု၊ ပြည်နယ် (၇) ခုရှိသည့်အတွက် စုစုပေါင်း အခြေခံအလွှာ (၇+၇+၁)*၂= ၃၀ ရှိပါသည်။

**ဇယား (၂.၁) နမူနာစာရင်းကောက်ကွက် ခွဲဝေခြင်း**

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | ခွဲဝေထားသည့် စာရင်းကောက်ကွက်အရေအတွက် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၇ (ပထမအကြိမ်) | | | ၂၀၁၇ (ဒုတိယအကြိမ်) | | | ၂၀၁၇ (စုစုပေါင်း) | | |
| | မြို့ပြ | ကျေးလက် | စုစုပေါင်း | မြို့ပြ | ကျေးလက် | စုစုပေါင်း | မြို့ပြ | ကျေးလက် | စုစုပေါင်း |
| ကချင် | ၂၁ | ၂၃ | ၄၄ | ၂၁ | ၂၃ | ၄၄ | ၄၂ | ၄၆ | ၈၈ |
| ကယား | ၁၁ | ၂၄ | ၃၅ | ၁၁ | ၂၄ | ၃၅ | ၂၂ | ၄၈ | ၇၀ |
| ကရင် | ၁၂ | ၃၁ | ၄၃ | ၁၂ | ၃၁ | ၄၃ | ၂၄ | ၆၂ | ၈၆ |
| ချင်း | ၁၀ | ၂၇ | ၃၇ | ၁၀ | ၂၇ | ၃၇ | ၂၀ | ၅၄ | ၇၄ |
| စစ်ကိုင်း | ၁၄ | ၄၈ | ၆၂ | ၁၄ | ၄၈ | ၆၂ | ၂၈ | ၉၆ | ၁၂၄ |
| တနင်္သာရီ | ၁၄ | ၂၉ | ၄၃ | ၁၄ | ၂၉ | ၄၃ | ၂၈ | ၅၈ | ၈၆ |
| ပဲခူး | ၁၈ | ၄၃ | ၆၁ | ၁၈ | ၄၃ | ၆၁ | ၃၆ | ၈၆ | ၁၂၂ |
| မကွေး | ၁၁ | ၄၅ | ၅၆ | ၁၁ | ၄၅ | ၅၆ | ၂၂ | ၉၀ | ၁၁၂ |
| မန္တလေး | ၂၉ | ၃၈ | ၆၇ | ၂၉ | ၃၈ | ၆၇ | ၅၈ | ၇၆ | ၁၃၄ |
| မွန် | ၁၇ | ၃၀ | ၄၇ | ၁၇ | ၃၀ | ၄၇ | ၃၄ | ၆၀ | ၉၄ |
| ရခိုင် | ၁၁ | ၃၆ | ၄၇ | ၁၁ | ၃၆ | ၄၇ | ၂၂ | ၇၂ | ၉၄ |
| ရန်ကုန် | ၄၇ | ၂၀ | ၆၇ | ၄၇ | ၂၀ | ၆၇ | ၉၄ | ၄၀ | ၁၃၄ |

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | ခွဲဝေထားသည့် စာရင်းကောက်ကွက်အရေအတွက် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၇ (ပထမအကြိမ်) | | | ၂၀၁၇ (ဒုတိယအကြိမ်) | | | ၂၀၁၇ (စုစုပေါင်း) | | |
| | မြို့ပြ | ကျေးလက် | စုစုပေါင်း | မြို့ပြ | ကျေးလက် | စုစုပေါင်း | မြို့ပြ | ကျေးလက် | စုစုပေါင်း |
| ရှမ်း | ၂၀ | ၄၄ | ၆၄ | ၂၀ | ၄၄ | ၆၄ | ၄၀ | ၈၈ | ၁၂၈ |
| ရေဝတီ | ၁၃ | ၅၃ | ၆၆ | ၁၃ | ၅၃ | ၆၆ | ၂၆ | ၁၀၆ | ၁၃၂ |
| နေပြည်တော် | ၁၆ | ၂၅ | ၄၁ | ၁၆ | ၂၅ | ၄၁ | ၃၂ | ၅၀ | ၈၂ |
| **စုစုပေါင်း** | **၂၆၄** | **၅၁၆** | **၇၈၀** | **၂၆၄** | **၅၁၆** | **၇၈၀** | **၅၂၈** | **၁,၀၃၂** | **၁,၅၆၀** |

## ၂.၅ အကွက်ငယ်များ ဖွဲ့စည်းခြင်းနှင့်ရွေးချယ်ခြင်း

အဓိကအားဖြင့် အိမ်ထောင်စုဦးရေစာရင်းများပြုစုရာတွင် အိမ်ထောင်စု ၃၀၀ (သို့) ၃၀၀ ထက်ကျော်လွန်သော အရွယ်ကြီးမားသည့် စာရင်းကောက်ကွက်များကို အကွက်ငယ်အဖြစ် ဖွဲ့စည်းရန်ဆောင်ရွက်ပါသည်။ အရွယ်အစားကြီးမားသော စာရင်းကောက်ကွက်အား D အရေအတွက်ရှိသည့် အကွက်ငယ်ဟုခေါ်ဆိုသော အကွက်ခွဲ (sub-division) များအဖြစ် ပိုင်းခြားထားပါသည်။ ဖွဲ့စည်းမည့် အကွက်ငယ်အရေအတွက်သည် (ဆိုလိုသည်မှာ D ၏တန်ဖိုး) သည် နမူနာစာရင်းကောက်ကွက်၏ အနီးစပ်ဆုံးလူဦးရေပေါ် မူတည်မည်ဖြစ်သည်။ အကွက်ငယ်အရေအတွက်ကို ဆုံးဖြတ်ရန်အတွက် စံသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| နမူနာစာရင်းကောက်ကွက်ရှိ အိမ်ထောင်စုအရေအတွက် | ဖွဲ့စည်းရမည့်အကွက်ငယ်အရေအတွက် |
|---|---|
| ၃၀၀ အောက် | ၁* |
| ၃၀၀-၄၉၉ | ၃ |
| ၅၀၀-၆၉၉ | ၄ |
| ၇၀၀-၈၉၉ | ၅ |
| ………………… | |

*   *စာရင်းကောက်ကွက်တစ်ကွက်လုံးကို အိမ်ထောင်စုစာရင်းကောက်ယူရန် မှတ်ယူရမည်။*

*မှတ်ချက်။ အကွက်ငယ်များဖြင့် ဖွဲ့စည်းထားသည့် စာရင်းကောက်ကွက်အတွက် အကွက်ငယ်တစ်ခုကို သာမန်ကျပန်းနမူနာ (Simple Random Sampling) နည်းဖြင့် ရွေးချယ်ပါသည်။*

## ၂.၆ ဒုတိယအဆင့်တွင် နမူနာစာရင်းစဉ်ပြင်ဆင်ခြင်း

အိမ်ထောင်စုများ၏ နမူနာစာရင်းစဉ်ကို ပြင်ဆင်ရာတွင် ရွေးချယ်ထားသော စာရင်းကောက်ကွက်များ (သို့) ပမာဏကြီးမားသော စာရင်းကောက်ကွက်အတွင်းရှိ အကွက်ငယ်မှ အိမ်ထောင်စုအားလုံးကို တစ်အိမ်တက်ဆင်း ကောက်ယူခဲ့ပါသည်။

## ၂.၇ ဒုတိယအဆင့် ယူနစ်များအား ခွဲဝေသတ်မှတ်ခြင်း

နမူနာစာရင်းကောက်ကွက် တစ်ကွက်အတွက် စုစုပေါင်း ၁၈ အိမ်ထောင်စုကို ခွဲဝေသတ်မှတ်ပါသည်။ စာရင်းကောက်ကွက်ရှိ အိမ်ထောင်စုအရေအတွက်မှာ ၁၈ အိမ်ထောင်စုထက် နည်းနေပါက အိမ်ထောင်စုအားလုံးကို စာရင်းကောက်ယူခဲ့ပါသည်။

## ၂.၈ ပထမအဆင့် နမူနာများ (FSUs) ရွေးချယ်ခြင်း

FSUs ရွေးချယ်နိုင်ရန် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် အိမ်ထောင်စုစစ်တမ်းများအတွက် ကမ္ဘာ့ဘဏ်နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းတွက်ချက်ထားသည့် FSUs အရေအတွက် ၄,၀၀၀ ပါဝင်သော ပင်မနမူနာစာရင်းစဉ်[၁] (Master Sampling Frame) တစ်ခုကို တည်ဆောက်ထားပါသည်။ FSUs အရေအတွက် ၄,၀၀၀ ကို replicate ၄ ခုဖြင့် ဖွဲ့စည်းထားပြီး replicate (ဆိုလိုသည်မှာ ပထမအဆင့် နမူနာကောက်ကွက်များကို စာရင်းကောက်ကွက် ၁,၀၀၀ စီပါသော ပထမအဆင့် နမူနာ ၄ ခုဖြင့် ဖွဲ့စည်းထားသည်) တစ်ခုစီတွင် FSUs အရေအတွက် ၁,၀၀၀ ပါဝင်ပါသည်။ ပင်မနမူနာ စာရင်းစဉ်မှ FSUs များကိုရွေးချယ်ရာတွင် စာရင်းကောက်ကွက်များ၏ အိမ်ထောင်စုအရေအတွက်အရ ဖြစ်တန်စွမ်းအညီအမျှ ပေး၍ရွေးချယ်သော အကွာညီနမူနာကောက်နည်း (Circular Systematic Sampling) ကို အသုံးပြု၍ ရွေးချယ်ခဲ့ပါသည်။ နမူနာ FSUs ကို အလွှာအသီးသီးမှ replicate ၂ ခုပါဝင်သောပုံစံဖြင့် ရွေးချယ်ပါသည်။ (ဆိုလိုသည်မှာ နမူနာ FSUs ၏တစ်ဝက်ကို replicate ၁ မှလည်းကောင်း၊ ကျန်တစ်ဝက်ကို replicate ၃ မှ လည်းကောင်း အညီအမျှဖြစ်နိုင်ခြေရှိသော ကျပန်းရွေးချယ်ခြင်း (Random Systematic Sampling) နည်းလမ်းကို အသုံးပြု၍ ရွေးချယ်ပါသည်)

ပြည်သူ့အင်အားဦးစီးဌာနမှ ထပ်တိုးတွက်ချက်ထားသည့် FSUs အရေအတွက် ၆,၀၀၀ ပါဝင်သော ပင်မနမူနာစာရင်းစဉ် (Updated Master Sampling Frame) ကို replicate ၁၀ ခု ဖြင့် ဖွဲ့စည်းထားပြီး၊ ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) တွင် replicate ၂ နှင့် ၄ မှလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) တွင် replicate ၅ နှင့် ၇ မှလည်းကောင်း ရွေးချယ်ခဲ့ပါသည်။

## ၂.၉ အိမ်ထောင်စုများအားရွေးချယ်ခြင်း

နမူနာစာရင်းကောက်ကွက်တစ်ကွက်ရှိ နမူနာအိမ်ထောင်စုများကို ရွေးချယ်ရာတွင် ပထမအဆင့် နမူနာရွေးချယ်ထားသော FSUs (သို့မဟုတ်) ပထမအဆင့်ရွေးချယ်ထားသော အကွက်ငယ်များဖြင့် ဖွဲ့စည်းထားသော နမူနာမှ ဖြစ်တန်စွမ်းအညီအမျှပေး၍ ရွေးချယ်သော အကွာညီနမူနာကောက်နည်း (Circular Systematic Sampling) နည်းလမ်းဖြင့် ရွေးချယ်ပါသည်။

## ၂.၁၀ အစားထိုးခြင်း

မူလရွေးချယ်ထားသော နမူနာစာရင်းကောက်ကွက်များကိုသာ စစ်တမ်းကောက်ယူနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ မရှောင်လွှဲနိုင်သော အခြေအနေများကြောင့် နမူနာစာရင်းကောက်ကွက်ကို စာရင်းမကောက်နိုင်လျှင် အဆိုပါအလွှာခွဲ၏ နမူနာစာရင်းစဉ်မှ စာရင်းကောက်ကွက်ကို အစားထိုးရမည် ဖြစ်ပါသည်။ မည်သည့်အစားထိုးခြင်းကိုမဆို တိကျမှန်ကန်စွာစိစစ်ပြီး မှတ်တမ်းထားရှိရပါသည်။ သို့သော် အစားထိုးသော စာရင်းကောက်ကွက်အား စာရင်းမကောက်ယူနိုင်ပါက နောက်ထပ်မည်သည့် အစားထိုး ပေးခြင်းကိုမျှ ဆောင်ရွက်ခြင်းမပြုလုပ်ခဲ့ပါ။

---

[၁] FSU ၄,၀၀၀ နှင့် ၆,၀၀၀ ကြားပါဝင်သော ပင်မနမူနာစာရင်းစဉ်ကို မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် အိမ်ထောင်စု စစ်တမ်းများအတွက် ကမ္ဘာ့ဘဏ်မှ ရေးဆွဲပေးခဲ့ပါသည်။

စာရင်းကောက်ယူရန် ရွေးချယ်ထားသော အိမ်ထောင်စုသည် အိမ်ထောင်စုစာရင်းစဉ်ပြုစုစဉ်တွင် သော့ခတ်ထားသည့် အိမ်ထောင်စုဖြစ်နေသည်မှလွဲ၍ နမူနာအိမ်ထောင်စုအား အစားထိုးမည်၊ ကောက်ခံမည်မဟုတ်ဘဲ ကောက်ယူနိုင်ရန် ကြိုးစားခဲ့သော်လည်း အိမ်ထောင်စုအား စာရင်းမကောက်ယူနိုင်ပါက စာရင်းမကောက်ယူနိုင်ဟု သတ်မှတ်မည်ဖြစ်ပါသည်။

## ၂.၁၁ ခန့်မှန်းခြေများရှာနည်း

အောက်ပါ သင်္ကေတများကို အသုံးပြုထားပါသည်-

- s = s ကြိမ်မြောက်အလွှာ (s=၁-၃၀)
- i = i ကြိမ်မြောက်ပထမအဆင့် ရွေးထုတ်ထားသော နမူနာစာရင်းကောက်ကွက်
- j = j ကြိမ်မြောက်နမူနာအိမ်ထောင်စု
- k = နမူနာအိမ်ထောင်စုရှိ k ကြိမ်မြောက်လူပုဂ္ဂိုလ်
- P = ပထမအဆင့် နမူနာစာရင်းကောက်ကွက်ရှိ နမူနာရွေးချယ်ရမည့် အိမ်ထောင်စု အရေအတွက်စုစုပေါင်း
- p = နမူနာစာရင်းစဉ်ရှိ အလွှာတစ်ခုအတွင်းရှိ အိမ်ထောင်စုအရေအတွက် စုစုပေါင်း
- n = မကောက်ယူနိုင်သော စာရင်းကောက်ကွက်များမပါဝင်သည့် နမူနာစာရင်းကောက်ကွက် အရေအတွက်
- D = ပထမအဆင့် ရွေးထုတ်ထားသော စာရင်းကောက်ကွက်တစ်ခုရှိ အကွက်ငယ်များအရေအတွက်
- H = စာရင်းစဉ်ရှိ စာရင်းပြုစုထားသော အိမ်ထောင်စုအရေအတွက်စုစုပေါင်း
- h = စာရင်းဇယားထုတ်ယူရန်အတွက် ရရှိနိုင်သော နမူနာအိမ်ထောင်စုအရေအတွက်
- x, y= X,Y ကိန်းရှင်ဆိုင်ရာ ခန့်မှန်းတန်ဖိုး
- $\hat{x}$ , $\hat{y}$ = X, Y ကိန်းရှင်ဆိုင်ရာ စုစုပေါင်းဦးရေတန်ဖိုးအတွက် ခန့်မှန်းကိန်း
- $y_{sijk}$ = s အလွှာ၏ i စာရင်းကောက်ကွက်တွင် ပါဝင်သော နမူနာ j အိမ်ထောင်စု၏ k လူပုဂ္ဂိုလ်အတွက် Y ကိန်းရှင်တန်ဖိုး၊ ပုံမှန်အားဖြင့် y= ၁ (သို့မဟုတ်) ၀

## ၂.၁၂ ခန့်မှန်းခြင်းအတွက် ပုံသေနည်း

s အလွှာအတွက်ကိန်းရှင် Y ၏ စုစုပေါင်းတန်ဖိုးများ ခန့်မှန်းခြင်း-

$$\hat{Y}_s = \frac{P_s}{n_s} \sum_{i=1}^{n_{sr}} \frac{D_{si} \times H_{si}}{p_{si} \times h_{si}} \sum_{j=1}^{h_{si}} \sum_{k} y_{sijk}$$

အထက်တွင်ဖော်ပြထားသကဲ့သို့ တွေ့ရှိချက်အသီးသီးကို အောက်ပါမြှောက်ဖော်ကိန်းဖြင့် မြှောက်ရမည်ဖြစ်ပါသည်-

$$\frac{P_s \times D_{si} \times H_{si}}{n_s \times p_{si} \times h_{si}}$$

အဆိုပါမြှောက်ဖော်ကိန်းကို M အဖြစ် သတ်မှတ်နိုင်သည်။

$$M_{si} = \frac{P_s \times D_{si} \times H_{si}}{n_s \times p_{si} \times h_{si}}$$

P, p, n, D, H နှင့် h တန်ဖိုးများအတွက်:

- $P_s$ တန်ဖိုးများကို ဇယား ၂.၁ တွင် ဖော်ပြထားပါသည်။
- စာရင်းဇယားထုတ်ယူရန်အတွက် $n_s$ တန်ဖိုးများကို ရရှိထားသောနမူနာစာရင်း ကောက်ကွက်အရေအတွက်ကို ရေတွက်ခြင်းဖြင့်ရရှိမည်ဖြစ်သည်။ မကောက်ယူနိုင်သော စာရင်းကောက်ကွက်မရှိပါက ကောက်ယူရန် သတ်မှတ်ထားသော နမူနာစာရင်း ကောက်ကွက်အရေအတွက်နှင့် တူညီမည်ဖြစ်ပါသည်။
- psi တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာ၏ အခန်း(၁)၊ အမှတ်စဉ် (၈)၊ လက်ရှိတွင် နမူနာစာရင်းကောက်ကွက်အတွင်းရှိ အနီးစပ်ဆုံးခန့်မှန်းခြေ အိမ်ထောင်စုဦးရေတန်ဖိုးတို့ဖြစ်ပါသည်။
- Dsi တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာ၏ အခန်း(၁)၊ အမှတ်စဉ် (၉)၊ အကွက်ငယ်အရေအတွက်ရှိ လူဦးရေမူလတန်ဖိုးဖြစ်ပါသည်။
- H တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာ၏ အခန်း (၇)၊ ကော်လံ ၂ မှ ရရှိနိုင်မည်ဖြစ်ပါသည်။
- h တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ် မေးခွန်းလွှာ၏ အခန်း (၇) ၊ ကော်လံ ၃ တွင် ယေဘုယျအားဖြင့် ဖော်ပြထားပါသည်။ စာရင်းဇယား ထုတ်ယူရန်အတွက် အမှန်တန်ဖိုးကိုမူ အကြောင်းပြချက်တစ်ခုခုဖြင့် မကောက်ယူနိုင်သည့် အိမ်ထောင်စုများမပါဝင်ဘဲ အမှန်တကယ်ကောက်ယူနိုင်ခဲ့သည့် အိမ်ထောင်စုမေးခွန်းလွှာအရေအတွက် စုစုပေါင်းမှ ရရှိမည်ဖြစ်ပါသည်။

## ၂.၁၃ အချိုးခန့်မှန်းခြင်း

အချိုး $R = \frac{Y}{X}$ (X သည် စုစုပေါင်းဦးရေဖြစ်ပါသည်။) ကို $\hat{R} = \frac{\hat{Y}}{\hat{X}}$ ဖြင့် ခန့်မှန်းဖော်ပြထားပါသည်။

စစ်တမ်းတွင် စာရင်းကောက်ကွက်တစ်ခုထဲရှိ အိမ်ထောင်စုအရေအတွက်ကို X အဖြစ် ယူဆပါသည်။

## ၂.၁၄ အမှားခန့်မှန်းခြင်း

အမှားကိုခန့်မှန်းခြင်းအတွက် အရွယ်အလိုက် ဖြစ်တန်စွမ်းနမူနာကောက်နည်း [၂] (Probability Proportional to Size- PPS) ဖြင့် ကောက်ယူသည်ဟုသတ်မှတ်ထားပါသည်။ စုစုပေါင်းခန့်မှန်း ပြောင်းလဲကိန်း Y ကို အောက်ပါအတိုင်း ရရှိပါသည်-

[၂] ခန့်မှန်းကိန်းသည် Systematic sample အတွက် အများဖြစ်နိုင်သော်လည်း စစ်တမ်း၏ဦးရေ ကြီးမားလုံလောက်ခြင်းနှင့် နမူနာစာရင်းစဉ်ရှိ စာရင်းကောက်ကွက်များကို ကျပန်းအစီအစဉ်ဖြင့် ခန့်မှန်းထားသည့်အတွက် အဆိုပါအမှားသည် နည်းမည်ဟုမျှော်မှန်းထားပါသည်။

$$V(\hat{Y}) = \sum_{s=1}^{L}\left[\frac{1}{n_s(n_s-1)}\sum_{i=1}^{n_s}\left(\hat{Y}_{si} - \frac{\hat{Y}_s}{n_s}\right)^2\right],$$

ဤနေရာတွင် $\hat{Y}_{si} = \sum_{j=1}^{h_s} w_{si}\, y_{sij}$ , $\hat{Y}_s = \sum_{i=1}^{n_s} \hat{Y}_{si}$ နှင့် $W_{si} = \frac{H_{si}}{h_{si}} \times \frac{P_s}{p_s}$ နှင့် L = 30 ဖြစ်ပါသည်။

အချိုးခန့်မှန်းကိန်း၏ ကွဲလွဲကိန်းခန့်မှန်းခြေကို အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည်-

$$V(\hat{R}) = \frac{1}{\hat{X}^2}\left[V(\hat{Y}) + \hat{R}^2 V(\hat{X}) - 2\hat{R}\, COV(\hat{X},\hat{Y})\right],$$

ဤနေရာတွင် $V(\hat{Y})$ နှင့် $V(\hat{X})$ ကို စုစုပေါင်း၏ ကွဲလွဲကိန်းအတွက်ပုံသေနည်းအတိုင်း တွက်ချက်မည် ဖြစ်ပါသည်။

$$COV(\hat{X},\hat{Y}) = \sum_{h=1}^{L}\left[\frac{1}{n_s(n_s-1)}\sum_{i=1}^{n_s}\left(\hat{X}_{si} - \frac{\hat{X}_s}{n_s}\right)\left(\hat{Y}_{si} - \frac{\hat{Y}_s}{n_s}\right)\right]$$

$\hat{Y}$ နှင့် $\hat{R}$ တို့၏ နှိုင်းယှဉ်စံမှားယွင်းမှု (Relative Standard Errors-RSEs) ကို အောက်ပါအတိုင်း တွက်ချက်ရမည် ဖြစ်ပါသည် -

$$RSE(\hat{Y}) = \frac{\sqrt{V(\hat{Y})}}{\hat{Y}} \times 100 \quad \text{နှင့်} \quad RSE(\hat{R}) = \frac{\sqrt{V(\hat{R})}}{\hat{R}} \times 100$$

နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို ရာသီချိန်နှင့် ရာသီချိန်ပြင်ပရှိ လုပ်သားဈေးကွက် သတင်းအချက်အလက်ရရှိရန်ရည်ရွယ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ကောက်ယူခြင်းဖြစ်ပါသည်။ စစ်တမ်းပထမအကြိမ်ကို ဇန်နဝါရီလမှ မတ်လထိလည်းကောင်း၊ ဒုတိယအကြိမ်ကို စက်တင်ဘာလမှ နိုဝင်ဘာလထိ လည်းကောင်း ကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူရန် ကုန်ကျစရိတ်၊ အချိန်နှင့် လူစွမ်းအားကို ထည့်သွင်းစဉ်းစား၍ တစ်ကြိမ်လျှင် စာရင်းကောက်ကွက် ၇၈၀ ကို နမူနာအရွယ်အဖြစ် သတ်မှတ်ခဲ့ပြီး စာရင်းကောက်ကွက် တစ်ကွက်လျှင် နမူနာအိမ်ထောင်စု ၁၈ အိမ်ကို ရွေးချယ်ကောက်ယူခဲ့ရာ စုစုပေါင်း နမူနာအိမ်ထောင်စု ၁၄,၀၄၀ ကို ကောက်ယူရန် သတ်မှတ်ခဲ့ပါသည်။ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာကို နှစ်ကြိမ်ကောက်ယူပြီးသည့် အချက်အလက်များအား အသုံးပြုထားခြင်းဖြစ်ပါသည်။ နှစ်ကြိမ်ပေါင်း စာရင်းကောက်ကွက် ၁,၅၆၀ ၊ အိမ်ထောင်စုပေါင်း ၂၈,၀၈၀ အနက် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နယ်မြေလုံခြုံမှု အခြေအနေအရ ကောက်ယူနိုင်ခဲ့ခြင်းမရှိသည့် စာရင်းကောက်ကွက် ၁၃ ကွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စု |
|---|---|---|---|
| ၁ | ကချင် | ချီဖွေမြို့နယ် | ရစ်လောခေါင်ရပ်ကွက် |
| | | ဒေါ့ဖုန်းရန်မြို့နယ်ခွဲ | လိုင်လွမ်လီဆောကျေးရွာအုပ်စု |
| | | ပန်ဝါမြို့နယ်ခွဲ | လန်းဂျောကျေးရွာအုပ်စု |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စု |
|---|---|---|---|
| ၂ | ကရင် | ဘားအံမြို့နယ် | ပျဉ်းမပင်ဆိပ်ကျေးရွာအုပ်စု |
| ၃ | ချင်း | ပလက်ဝမြို့နယ် | ပကာဝကျေးရွာအုပ်စု |
| ၄ | တနင်္သာရီ | ကလဲနောင်မြို့နယ်ခွဲ | ရာဖူးကျေးရွာအုပ်စု |
| ၅ | ရခိုင် | မောင်တောမြို့နယ် | ဇင်ပိုင်ညာကျေးရွာအုပ်စုနှင့် ပညောင်ပင်ကြီးကျေးရွာအုပ်စု |
| ၆ | ရှမ်း | မိုင်းရန်မြို့နယ် | နောင်ဟုတ်ကျေးရွာအုပ်စု |
| | | မိုင်းမောမြို့နယ် | ကောင်းကားကျေးရွာအုပ်စု |
| | | နမ့်ဖောင်မြို့နယ် | စမောင်းလိုင်းကျေးရွာအုပ်စု |
| | | ပန်ဆန်း(ပန်ခမ်း)မြို့နယ် | ဝိန်းကောင်းကျေးရွာအုပ်စု |
| | | ကုန်းကြမ်းမြို့နယ် | တာကုန်ကျန်ကျေးရွာအုပ်စု |

မြို့ပြနှင့် ကျေးလက်ဒေသများတွင် FSUs များအား ခွဲဝေသတ်မှတ်ရန် မြို့ပြဒေသများတွင် အလုပ်အကိုင်ဆိုင်ရာ သွင်ပြင်လက္ခဏာများ၏ ကွဲပြားခြားနားမှုမှာ ပိုမိုများပြားပြီး လူဦးရေအရွယ်အစားမှာ ပိုမိုနည်းပါးသည့်အတွက် ကျေးလက်အား ၁.၀ အလေး (weightage) နှင့် မြို့ပြအား ပိုမိုများပြားသည့် အလေး ၁.၅ (weightage) ဖြင့်သတ်မှတ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြလူဦးရေမှာများပြားနေကြောင်းတွေ့ရှိရသောကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြဒေသနှင့် ကျေးလက်ဒေသ၏ အလေး (weight) ကိုမူ ပိုပေးထားခြင်းမရှိဘဲ မြို့ပြနှင့် ကျေးလက်၏အလေးကို ၁:၁ ဖြင့် တူညီစွာ အလေးပေးထားပါသည်။ ထို့ပြင် နယ်ပယ်အဆင့် (domain-level) နှင့် နိုင်ငံအဆင့် (national-level) ခန့်မှန်းမှုများကို တွက်ချက်နိုင်ရန် နေရာချထားခွဲဝေမှုကို လူဦးရေအရွယ်အစား၏ နှစ်ထပ်ကိန်းရင်းဖြင့် အချိုးညီစွာခွဲဝေပါသည်။

## ၂.၁၅ အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် အမျိုးအစားခွဲခြားခြင်း

### အလုပ်လုပ်ကိုင်နိုင်သောအသက် (Working Age)

စစ်တမ်းတွင် အသက် ၁၅ နှစ်နှင့်အထက်ကို အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်း အခြားအဖြစ် သတ်မှတ်ပါသည်။

### အလုပ်လက်ရှိ (Employed)

လူတစ်ဦးသည် ရည်ညွှန်းကာလ ၇ ရက်အတွင်း လုပ်ခ (သို့) အမြတ်အစွန်း တစ်စုံတစ်ရာဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန် မည်သည့်အလုပ်ကိုမဆို လုပ်ကိုင်နေသူများကို အလုပ်လက်ရှိဟု သတ်မှတ်ပြီး အလုပ်လက်ရှိတွင် အောက်ပါအချက်များပါဝင်ပါသည်-

- “လုပ်ငန်းခွင်အတွင်း” အလုပ်လက်ရှိဆိုသည်မှာ အနည်းဆုံး ၁ နာရီခန့် အလုပ်မှာ အလုပ်လုပ်ခဲ့ခြင်း၊

- “လုပ်ငန်းခွင်အတွင်းမရှိသော” အလုပ်လက်ရှိဆိုသည်မှာ အလုပ်မှ ယာယီပျက်ကွက်နေသူ (သို့) အလုပ်လုပ်သည့်အချိန်ကို စီစဉ်ထားခြင်း (အဆိုင်းဖြင့် အလုပ်လုပ်ချိန်၊ စုစုပေါင်းအလုပ်ချိန်ကို မထိခိုက်စေဘဲ လွှဲပြောင်းထားသော အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းကြောင့် အစားထိုးရရှိသည့် ခွင့်ကာလခံစားချိန်၊ အလုပ်မှ ပျက်ကွက်နေသူ)။

**အလုပ်လက်မဲ့ (Unemployed)**

အလုပ်လက်မဲ့ဟု သတ်မှတ်နိုင်ရန်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အလုပ်မရှိသောသူများသည် သတ်မှတ်သည့် အချိန်ကာလအတွင်း အလုပ်ရရှိရန်ရှာဖွေနေခြင်းနှင့် အလုပ်အကိုင်ရရှိပါက စတင်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေသူများကို ဆိုလိုပါသည်။

**လုပ်သားအင်အား (Labour Force)**

လုပ်သားအင်အားသည် စီးပွားရှာနိုင်သူအားလုံး၏ အရေအတွက် (Economically Active Population-EAP) နှင့်ထပ်တူညီပြီး၊ အလုပ်လက်ရှိဦးရေနှင့် အလုပ်လက်မဲ့ဦးရေကို ပေါင်းခြင်းသည် လုပ်သားအင်အားဖြစ်ပါသည်။

**လုပ်သားအင်အားပြင်ပတွင်ရှိသူ ( Population Outside Labour Force)**

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ ရည်ညွှန်းကာလတိုအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တို့တွင် မပါဝင်သူများ၊ အချိန်ပြည့်ကျောင်းသားများ၊ သက်ကြီးအငြိမ်းစားများနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသူများ စသည်တို့ကို လုပ်သားအင်အားပြင်ပတွင်ရှိသူဟု သတ်မှတ်ပါသည်။

**လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်း (Labour Underutilization)**

လုပ်အားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်းဆိုသည်မှာ လုပ်သားဖြည့်ဆည်းမှု (Labour Supply) နှင့် လုပ်သားလိုအပ်ချက် (Labour Demand) များအကြား ညီမျှမှုမရှိခြင်း တနည်းအားဖြင့် လူဦးရေအတွက် အလုပ်အကိုင်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုမရှိခြင်းကို ဆိုလိုခြင်းဖြစ်ပြီး၊ Labour Underutilization ကို တိုင်းတာသည့်အချက်များတွင် အောက်ပါတို့ပါဝင်ပါသည်-

(၁) **အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့** - ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ လူတစ်ယောက်၏ တစ်ပတ်အလုပ်ချိန် သည် ၄၄ နာရီထက် လျော့နည်းနေသည့်အတွက် အခြားအလုပ်တစ်ခုကို လုပ်ကိုင်လိုစိတ်ရှိပြီး အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသူ၊

(၂) **အလုပ်လက်မဲ့** - အလုပ်အကိုင်မရှိသူတစ်ဦးသည် လတ်တလောအချိန်အတွင်း အလုပ်အကိုင်ကို ရှာဖွေလျက်ရှိပြီး အဆိုပါအလုပ်လုပ်ကိုင်ရန်အတွက် အဆင်သင့်ရှိနေသူ၊

(၃) **ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား** - အလုပ်အကိုင်မရှိသူတစ်ဦးသည် အလုပ်လုပ်ရန်ဆန္ဒရှိသော်လည်း ၎င်းအနေဖြင့် အလုပ်ရှာဖွေရန် အခြေအနေကန့်သတ်ချက်ရှိနေခြင်း သို့မဟုတ် အဆင်သင့်ရှိနေသူကို ရည်ညွှန်းပါသည်။

**အလုပ်အကိုင်အခြေအနေ (Status in Employment)**

နိုင်ငံတကာ အလုပ်အကိုင်အခြေအနေ ခွဲခြားရေး စံထားအညွှန်း (International Classification of Status in Employment-ICSE) အရ အလုပ်သမားနှင့် အလုပ်ရှင်ကို အောက်ပါအတိုင်း ခွဲခြားထားပါသည်။

(၁) အမြဲတမ်း/ပုံမှန်အလုပ်သမား - လူတစ်ယောက်သည် ငွေ (သို့) ပစ္စည်းကို ပုံမှန်လုပ်ခအဖြစ် ရယူပြီး အလုပ်ရှင်တစ်ယောက်ထံတွင် အလုပ်လုပ်သူကို ဆိုလိုပါသည်။ လုပ်ခ/လစာအပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ အားလပ်ရက်များ၊ နာမကျန်းမှု (သို့) အခြားစောင့်ရှောက်မှုများစသည့် အကျိုးခံစားခွင့်ရရှိမှုများ ပါဝင်ပါသည်။ အမြဲတမ်း (သို့) ပုံမှန်အလုပ်သမားများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းခွင်အတွင်း အလုပ်နေရာများ ပြောင်းရွှေ့လုပ်ကိုင်ခြင်းများလည်းရှိနိုင်ပြီး လူမှုကာကွယ်စောင့်ရှောက်မှုများနှင့် ငွေကြေးအကျိုးခံစားခွင့်များလည်း ရှိနိုင်ပါသည်။

(၂) ကျပန်းအလုပ်သမား - လူတစ်ယောက်သည် ပုံမှန်မဟုတ်သောပုံစံဖြင့် အလုပ်လုပ်ကိုင်ခြင်းဖြစ်ပြီး၊ လုပ်ကိုင်ရမည့် အလုပ်အကိုင်နှင့်ပတ်သက်၍ ငြင်းဆိုပိုင်ခွင့်ရှိသည်။ ပုံမှန်အားဖြင့် ကျပန်းအလုပ်သမား တစ်ယောက်သည် အမှန်တကယ် အလုပ်လုပ်သည့် အလုပ်ချိန် (စက်ရုံလုပ်ငန်းများတွင် အလုပ်အကိုင်နှင့်ပတ်သက်ပြီး အနိမ့်ဆုံးလုပ်ခ) ပေါ်တွင်သာ လုပ်ခရရှိခြင်းဖြစ်ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက် (အချို့သော အခြေအနေများမှလွဲ၍)၊ ကိုယ်ရေးကိုယ်တာအတွက် ခွင့်ယူခြင်းများ၊ လုပ်သက်ခွင့်စသည်တို့အတွက် လုပ်ခ၊ လစာ မရရှိပါ။ အလုပ်မှ ရပ်နားမည်ဆိုပါက ကြိုတင်အကြောင်းကြားစာ ပေးပို့ရန် မလိုအပ်ပါ။

(၃) လစာရအလုပ်သင် - သင်တန်းတက်ရောက်နေသည့် လစာရအလုပ်သင်ကို အလုပ်လုပ်သည်ဟု ယူဆပါသည်။ သို့သော် လစာမရအလုပ်/လုပ်ငန်းသင်ကိုမူ အလုပ်လုပ်သည်ဟု မယူဆပါ။

(၄) အလုပ်ရှင် (ပုံမှန်အလုပ်သမားနှင့် သူ/သူမ၏ကိုယ်ပိုင်လုပ်ငန်း) - လူများသည် လုပ်ငန်းကို တစ်ဦးတစ်ယောက်ထဲဖြစ်စေ (သို့မဟုတ်) တစ်ဦး (သို့မဟုတ်) ထို့ထက်ပိုသော လုပ်ဖော်ကိုင်ဖက်များဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် ပုံမှန်အားဖြင့် လုပ်ခ/လစာဖြင့် အလုပ်သမားများ ငှားရမ်းဆောင်ရွက်နေခြင်းအတွက် အလုပ်ရှင်အဖြစ် သတ်မှတ်နိုင်မည်ဖြစ်သည်။

(၅) ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (သူ/သူမ၏ ကိုယ်ပိုင်အလုပ်/ပုံမှန်အလုပ်သမားမရှိ) - ကိုယ်ပိုင်လုပ်ငန်းကို ပုံမှန်အလုပ်သမားငှားရမ်းခြင်းမရှိဘဲ လုပ်ကိုင်သူကို ဆိုလိုခြင်းဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူသည် မိမိတစ်ဦးတည်း (သို့မဟုတ်) တစ်ဦး (သို့မဟုတ်) ထိုထက်ပိုသော လုပ်ဖော်ကိုင်ဖက်များနှင့်ဖြစ်စေ အခကြေးငွေမပေးရသည့် မိသားစုအကူလုပ်သားများနှင့်ဖြစ်စေ၊ လုပ်ငန်း (သို့မဟုတ်) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစသည်များကို ဆောင်ရွက်နိုင်ကြပါသည်။ ပွဲခဖြင့် လုပ်ကိုင်လျက်ရှိသော ပွဲစားများကိုလည်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဟု သတ်မှတ်ရမည်။

(ဖ) အခကြေးငွေမရသော မိသားစုဝင်လုပ်သား - ဆွေမျိုးတော်သောသူတစ်ဦး (ပုံမှန် အားဖြင့် တစ်အိမ်တည်းတွင် နေထိုင်သည့်လူတစ်ဦး) ၏ ဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်သည့် လုပ်ငန်း/စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် လုပ်ခ (သို့မဟုတ်) လစာရရှိခြင်းမရှိဘဲ အလုပ်လုပ်သည့်သူများကို ဆိုလိုပါသည်။ ထိုသို့သောသူများသည် လုပ်ငန်းလည်ပတ်မှုတွင် အလုပ်ချိန်နာရီအားဖြင့်လည်းကောင်း (သို့မဟုတ်) ဆုံးဖြတ်ချက် ချမှတ်ရာတွင်လည်းကောင်း လုပ်ငန်းခေါင်းဆောင်နှင့် နှိုင်းယှဉ်နိုင်မှုမရှိသဖြင့် ယင်းတို့ကို လုပ်ငန်းတွင် လုပ်ဖော်ကိုင်ဖက်အဖြစ် မသတ်မှတ်နိုင်ပါ။ အကယ်၍ လူတစ်ယောက်သည် သူ/သူမ၏ အိမ်ထောင်စု လုပ်ငန်းတွင် လစာ/လုပ်ခဖြင့် လုပ်ကိုင်ပါက ထိုသူကို ဤအမျိုးအစားတွင် မသတ်မှတ်ဘဲ အလုပ်သမားအနေဖြင့် သတ်မှတ်ရန်ဖြစ်ပါသည်။

**လုပ်ငန်းအမျိုးအစား (Industry)**

လူတစ်ဦး အလုပ်လုပ်သည့် ကိုယ်ပိုင်လုပ်ငန်းအပါအဝင် အလုပ်ဌာန၊ စီးပွားရေးလုပ်ငန်း (သို့မဟုတ်) အဖွဲ့အစည်းမှ ဆောင်ရွက်နေသော စီးပွားရေးလုပ်ဆောင်မှုပုံစံ (Economic Activity) ကို ရည်ညွှန်းပြီး၊ စီးပွားရေးလုပ်ဆောင်မှုပုံစံကို အခြားယူနစ်များ (သို့) လူအများအတွက် အဓိက ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးခြင်းအရ သတ်မှတ်ပါသည်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်း (International Standard Industrial Classification of All Economic Activities-ISIC) အဖြစ် လူသိများပြီး နောက်ဆုံး version ဖြစ်သော အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအမျိုးအစား ခွဲခြားခြင်းစံချိန်စံညွှန်း (ISIC-Rev-4) အား ယခုစစ်တမ်းတွင် အသုံးပြုထားပါသည်။ လုပ်ငန်းတစ်ခုသည် (ISIC) ၏ Code လုပ်ဆောင်ချက် တစ်ခုထက်မက ကုန်စည်ဆောင်ရွက်မှုများကို ထုတ်လုပ်ခြင်း (သို့) ပေးအပ်ခြင်း ပြုလုပ်နိုင်ပါသည်။ ဤသို့သောအခြေအနေတွင် အများဆုံးတန်ဖိုးထုတ်လုပ်သည့် လုပ်ဆောင်ချက်ကိုသာ လုပ်ငန်း/ လုပ်ငန်း အမျိုးအစားခွဲခြားရန် ယူဆသတ်မှတ်ရမည်ဖြစ်သည်။

**အလုပ်အကိုင် (Occupation)**

လူတစ်ဦးသည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်စေ (သို့) လုပ်ခလစာဖြင့် လုပ်ကိုင်နေသူ ဖြစ်စေ အတိအကျသတ်မှတ်ထားသော လုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေရသော အလုပ်အမျိုးအစားကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်အမျိုးအစားခွဲခြားခြင်း (International Standard Classification of Occupation-ISCO) ကို တူညီသောအလုပ်အကိုင်များအလိုက် ကြီးစဉ်ငယ်လိုက် အုပ်စုဖြင့် စုစည်းထားပါသည်။ ISCO 2008 အား ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စာရင်းအင်းပညာရှင်များ ညီလာခံ (International Conference Labour Statisticians-ICLS) မှချမှတ်ခဲ့ပြီး အဆိုပါသတ်မှတ်ချက်များအတိုင်း ဤလုပ်သားအင်အားစစ်တမ်းတွင် အသုံးပြုထားပါသည်။

**သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ (Informal Sector)**

သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍဆိုသည်မှာ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လဲလှယ်ရောင်းချရန် သက်ဆိုင်ရာအစိုးရဌာနများတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ ဆောင်ရွက်နေသော လုပ်ငန်းများကိုဆိုလိုခြင်းဖြစ်ပြီး၊ အဆိုပါလုပ်ငန်းများသည် လုပ်အားနှင့် ရင်းနှီးငွေကို ခွဲခြားထားခြင်းမရှိဘဲ လုပ်ငန်းငယ်များအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

**သမရိုးကျမဟုတ်သော အလုပ်အကိုင် (Informal Employment)**

၁၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စာရင်းအင်းပညာရှင်များ ညီလာခံ (International Conference of Labour Statistician-17th ICLS) မှချမှတ်ထားသော သမရိုးကျမဟုတ်သောအလုပ်အကိုင် အယူအဆများကို အသုံးပြုခြင်းဖြစ်ပါသည်။ သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင်လုပ်ကိုင်နေသော အလုပ်သမားများသည် အိမ်ထောင်စုတစ်စုတွင် သမရိုးကျလုပ်ငန်းကဏ္ဍ (သို့) သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင်ဖြစ်စေ (သို့) အိမ်ထောင်စုတစ်စုတွင် အခကြေးငွေဖြင့် အိမ်အကူလုပ်ကိုင်သူများအနေဖြင့် အလုပ်ခန့်ထားမှုဆက်သွယ်ချက်မှာ နိုင်ငံ၏ အလုပ်သမားဥပဒေများ၊ လက်တွေ့ဆောင်ရွက်နေမှုများ၊ ဝင်ငွေခွန်၊ လူမှုကာကွယ်စောင့်ရှောက်ပေးမှုများ (သို့) အလုပ်သမား အကျိုးခံစားခွင့်များ (ကြိုတင်အသိမပေးဘဲ အလုပ်မှထုတ်ခြင်း၊ နှစ်စဉ်ခွင့်နှင့် နာမကျန်းခွင့်တို့ကို လစာမှဖြတ်တောက်ခြင်းများ) ကို ဥပဒေနှင့်အညီမလုပ်ဆောင်ပါက သမရိုးကျမဟုတ်သော အလုပ်အကိုင်လုပ်ကိုင်နေရသူဟု သတ်မှတ်ပါသည်။

**ကလေး (Child )**

ILO ၏ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ပြဋ္ဌာန်းချက် ၁၉၉၉ ခုနှစ် (အမှတ် ၁၈၂) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ပြဋ္ဌာန်းချက်နှင့်အညီ ကလေးအဖြစ် အသက် ၁၈ နှစ်အောက် လူတစ်ဦးကို သတ်မှတ်ပါသည်။ ဤစစ်တမ်းတွင် ကလေးလုပ်သား တိုင်းတာရန်အတွက် ရည်မှန်းချက်ဦးရေမှာ အသက်အုပ်စု အသက် ၅ နှစ်မှ ၁၇ နှစ် အတွင်းရှိသူများ အားလုံးပါဝင်ပြီး အသက်ကို တိုင်းတာရာတွင် ကလေး၏ လွန်ခဲ့သောမွေးနေ့က ပြည့်ပြီးအသက် (နှစ်) ဖြင့် တိုင်းတာပါသည်။

**ကလေးလုပ်သား (Child Labour)**

မြန်မာနိုင်ငံတွင် ကလေးလုပ်သားနှင့်စပ်လျဉ်း၍ တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါ။ ထို့ကြောင့် စစ်တမ်းတွင်အသုံးပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ၁၈ ကြိမ်မြောက် အလုပ်သမားရေးရာ စာရင်းအင်းပညာရှင်များညီလာခံမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များအရ အောက်တွင်ဖော်ပြထားသော ပုံစံများတွင် အလုပ်လုပ်သောကလေးများကို ကလေးလုပ်သားအဖြစ် သတ်မှတ်ပါသည် -

(၁) အသက် ၅ နှစ်မှ ၁၇ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် အန္တရာယ်ရှိသောအလုပ်များတွင် တစ်ပတ်လျှင်အနည်းဆုံး တစ်နာရီလုပ်ကိုင်ခြင်း၊ သို့မဟုတ် ညအချိန်များ (ည ၆ နာရီမှ နံနက် ၆ နာရီ) တွင်အလုပ်လုပ်ခြင်း၊
(သို့မဟုတ်)

(၂) အသက် ၅ နှစ် မှ ၁၁ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင်အနည်းဆုံး တစ်နာရီလုပ်ကိုင်ခြင်း၊

(သို့မဟုတ်)

(၃) အသက် ၁၂ နှစ် မှ ၁၄ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၂၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း၊

(သို့မဟုတ်)

(၄) အသက် ၁၅ နှစ် မှ ၁၇ နှစ်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၄၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း၊

ကျန်ရှိသည့် အလုပ်လုပ်သောကလေးများကို ဤအစီရင်ခံစာတွင် ကလေးလုပ်သားအဖြစ် မသတ်မှတ်ဘဲ "ကလေးလုပ်သားမဟုတ်သည့် အလုပ်လုပ်နေသောကလေးများ" ဟူ၍ သတ်မှတ်ထားပါသည်။

**အန္တရာယ်ရှိသည့် အလုပ်မဟုတ်သော်လည်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးလုပ်သား (Worst forms of Child Labour other than Hazadous work)**

အန္တရာယ်ရှိသည့် အလုပ်မဟုတ်သော်လည်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးလုပ်သား တစ်နည်းအားဖြင့် အခြေအနေတစ်ကျ တိုင်းတာရန်ခက်ခဲသော ကလေးလုပ်သားဆိုင်ရာ အချက်အလက်များသည် ကလေးလုပ်သားဆိုင်ရာ အမျိုးသားအဆင့် စာရင်းအင်းအစီအစဉ်အတွက် အရေးပါသည့် အချက်အလက်များဖြစ်သကဲ့သို့ စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်ပါသည်။ စံသတ်မှတ်ထားသည့် အိမ်ထောင်စုစစ်တမ်း နည်းလမ်းများဖြင့် ကောက်ယူသည့်တိုင် အိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏ ကလေးများသည် အဆိုပါကလေးလုပ်သားအခြေအနေတွင် ခိုင်းစေခြင်းခံရသည်ကို သိရှိသည့်တိုင် ဖြေဆိုရန်ခဲယဉ်းသည့်အတွက် အန္တရာယ်ရှိသည့် အလုပ်မဟုတ်သော်လည်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးလုပ်သားဆိုင်ရာ အချက်အလက်များရရှိရန် အလွန်ခက်ခဲပါသည်။

**အန္တရာယ်ရှိသောအလုပ် (Hazadous Work)**

စစ်တမ်းအစီရင်ခံစာတွင် အန္တရာယ်ရှိသည်ဟု ယူဆထားသော အောက်ပါအလုပ်အမျိုးအစားများကို တိတိကျကျ အသေးစိတ်ရှင်းလင်းဖော်ပြထားသည်-

- အပြည်ပြည်ဆိုင်ရာ နောက်ဆုံးသတ်မှတ်ထားသော အလုပ်အကိုင်ခွဲခြားခြင်း (ISCO-2008) နှင့် အမျိုးသားအဆင့် အလုပ်အကိုင် ခွဲခြားခြင်းတို့၏ ကုဒ်များတွင် သတ်မှတ်ထားသော အန္တရာယ်ဖြစ်စေမည့် အလုပ်အကိုင်စာရင်း၊
- ကလေးများအား အလုပ်ခန့်ရာတွင် တားမြစ်ခြင်းခံရသော အန္တရာယ်ဖြစ်စေမည့် စက်ရုံများစာရင်း အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းတူးဖော်ခြင်း လုပ်ငန်းနှင့် ကျောက်တူးခြင်းလုပ်ငန်း၊
- အခြားအန္တရာယ်ဖြစ်နိုင်သော အခြေအနေများ (ကျန်းမာရေးကို ထိခိုက်စေသော လုပ်ငန်းပတ်ဝန်းကျင်၊ လုံခြုံမှုမရှိ၊ အန္တရာယ်ရှိသော ပစ္စည်းကိရိယာများ (သို့) လေးလံသော

ဝန်စည်များ/အလုပ်များ ၊ အန္တရာယ်ကျရောက်နိုင်သော အလုပ်နေရာများနှင့် ညှင်းပန်းနှိပ်စက်၍ အလွဲသုံးစားပြုသောအလုပ်များ) တို့ကို စောင့်ကြည့်မည့် စစ်တမ်းမေးခွန်းများ၊

- အလုပ်ခွင်ထဲတွင် သတ်မှတ်ထားသော အလုပ်လုပ်ချိန်ထက်ပို၍ အချိန်ကြာအောင် လုပ်ရခြင်း။

**လူငယ် (Youth)**

ငယ်ရွယ်သည့် (သို့မဟုတ်) လူလားမြောက်သောအရွယ်သို့ မရောက်ရှိမီ အသက်အပိုင်း အခြားကို လူငယ်ဟု သတ်မှတ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် လူငယ်အဖြစ် အသက် ၁၅-၂၄ နှစ် အသက်အပိုင်းအခြားကို သတ်မှတ်ထားပါသည်။ ယခုစစ်တမ်းတွင် ဤအဓိပ္ပါယ် သတ်မှတ်ချက်ကို အသုံးပြုထားပါသည်။

# အခန်း (၃)

# အိမ်ထောင်စုနှင့် လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများ

ဤအခန်းတွင် အိမ်ထောင်စုများနှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများကို ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ မြို့ပြ၊ ကျေးလက်အလိုက်၊ အသက်အုပ်စုအလိုက်နှင့် မှီခိုသူ အချိုးဆိုင်ရာ အကြောင်းအရာများကို ဖော်ပြထားပါသည်။

## ၃.၁ လူဦးရေပုံ့နှံ့မှု

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ၂၀၁၇ ခုနှစ်အတွက် ခန့်မှန်း တွက်ချက်ထားသော စုစုပေါင်းလူဦးရေမှာ ၅၃,၃၈၇,၉၄၈ ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်၊ နှစ်စဉ် လုပ်သားအင်အား စစ်တမ်း (ပထမအကြိမ်နှင့် ဒုတိယအကြိမ်) မှ တစ်နှစ်ပတ်လုံး လူဦးရေနှင့် နှိုင်းယှဉ်ကြည့်ပါက စစ်တမ်း၏ ခန့်မှန်းလူဦးရေသည် ယေဘုယျအားဖြင့် လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။ ဤကဲ့သို့ လူဦးရေ ခြားနားမှု ဖြစ်ပေါ်ရခြင်းမှာ သန်းခေါင်စာရင်းမှ လုပ်ဆောင်ချက်များ၊ စစ်တမ်းတွင် အသုံးပြုသည့် စာရင်းအင်းဆိုင်ရာနည်းစနစ်များနှင့် လွှမ်းခြုံမှုနယ်ပယ်တို့အကြား ခြားနားမှုကြောင့်ဖြစ်ပါသည်။ ယခု စစ်တမ်းတွင် လူဦးရေခန့်မှန်းမှုနှင့်ပတ်သက်၍ သန်းခေါင်စာရင်းမှ လူဦးရေကိန်းဂဏန်း အချက်အလက် များကို အခြေခံသည့် Weight (အလေး-M) မပါဘဲ သန်းခေါင်စာရင်းနှင့် လုပ်သားအင်အားစစ်တမ်းကို နှိုင်းယှဉ်၍မရဘဲ ၎င်းအခက်အခဲကို ကျော်လွှားနိုင်ရန် Weight (အလေး-M) ကို ပြုပြင်ပြီး တွက်ချက်ရာတွင် ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၁၄-၂၀၅၀ ခန့်မှန်းလူဦးရေစာရင်းနှင့် ၂၀၁၇ ခုနှစ်၊ နှစ်စဉ် လုပ်သားအင်အား စစ်တမ်းမှ လူဦးရေခန့်မှန်းမှုသည် အနီးစပ်ဆုံးကိုက်ညီသည်ကို တွေ့ရှိရပါသည်။

## ၃.၂ ခန့်မှန်းရည်ညွှန်းကာလ

အစီရင်ခံစာတွင် ဖော်ပြထားသော ခန့်မှန်းကိန်းဂဏန်းများသည် ယေဘုယျအားဖြင့် စစ်တမ်း ကောက်ယူသည့် ကာလဖြစ်သော ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လထိလည်းကောင်း၊ စက်တင်ဘာလမှ နိုဝင်ဘာလထိလည်းကောင်း ရည်ညွှန်းပါသည်။

## ၃.၃ အိမ်ထောင်စုများနှင့် လူဦးရေခန့်မှန်းခြင်း

စစ်တမ်းသည် အိမ်ထောင်စုအတွင်း လက်ရှိနေထိုင်သောလူဦးရေကို ရည်ညွှန်းပြီး အဖွဲ့အစည်း တွင်နေထိုင်သူများမပါဝင်ပါ။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော ခန့်မှန်းလူဦးရေသည် လက်ရှိ အိမ်ထောင်စုများအတွင်း နေထိုင်သောလူဦးရေများဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအရ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ အိမ်ထောင်စု လူဦးရေမှာ ၅၀.၉၂ သန်းဖြစ်ပြီး၊ ကျား ၂၃.၈၉ သန်းနှင့် မ ၂၇.၀၃ သန်းဖြစ်ပါသည်။

မြို့ပြတွင် လူဦးရေ ၁၄.၆၅ သန်းနှင့် ကျေးလက်တွင် ၃၆.၂၇ သန်းရှိပြီး ကျေးလက်တွင် နေထိုင်သော လူဦးရေသည် ၇၁% ကျော်ရှိကြောင်း တွေ့ရှိရပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူဦးရေကိုကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံး၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယလူဦးရေ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပြီး၊ ကယားပြည်နယ်သည် လူဦးရေအနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၃.၁)  ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

(သန်းပေါင်း)

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၁.၅၉ | ၀.၇၇ | ၀.၈၂ | ၀.၅၈ | ၀.၂၇ | ၀.၃၁ | ၁.၀၁ | ၀.၅ | ၀.၅၁ |
| ကယား | ၀.၂၉ | ၀.၁၅ | ၀.၁၄ | ၀.၀၆ | ၀.၀၃ | ၀.၀၃ | ၀.၂၃ | ၀.၁၂ | ၀.၁၁ |
| ကရင် | ၁.၅၅ | ၀.၇၅ | ၀.၈ | ၀.၃၃ | ၀.၁၆ | ၀.၁၇ | ၁.၂၂ | ၀.၅၉ | ၀.၆၃ |
| ချင်း | ၀.၅၉ | ၀.၂၉ | ၀.၃ | ၀.၁၁ | ၀.၀၅ | ၀.၀၆ | ၀.၄၈ | ၀.၂၄ | ၀.၂၄ |
| စစ်ကိုင်း | ၅.၃၆ | ၂.၄၇ | ၂.၈၉ | ၀.၉၅ | ၀.၄၃ | ၀.၅၂ | ၄.၄၁ | ၂.၀၄ | ၂.၃၇ |
| တနင်္သာရီ | ၁.၄ | ၀.၆၈ | ၀.၇၂ | ၀.၃၂ | ၀.၁၅ | ၀.၁၇ | ၁.၀၈ | ၀.၅၃ | ၀.၅၅ |
| ပဲခူး | ၅.၁၁ | ၂.၄၂ | ၂.၆၉ | ၁.၀၉ | ၀.၄၈ | ၀.၆၁ | ၄.၀၂ | ၁.၉၄ | ၂.၀၈ |
| မကွေး | ၄.၁၄ | ၁.၈၉ | ၂.၂၅ | ၀.၅၇ | ၀.၂၅ | ၀.၃၂ | ၃.၅၇ | ၁.၆၄ | ၁.၉၃ |
| မန္တလေး | ၆.၂၁ | ၂.၉၄ | ၃.၂၇ | ၂.၀၃ | ၀.၉၃ | ၁.၁ | ၄.၁၈ | ၂.၀၁ | ၂.၁၇ |
| မွန် | ၁.၇၉ | ၀.၇၉ | ၁.၀၀ | ၀.၄၉ | ၀.၂၁ | ၀.၂၈ | ၁.၃ | ၀.၅၈ | ၀.၇၂ |
| ရခိုင် | ၂.၈၇ | ၁.၃၄ | ၁.၅၃ | ၀.၃၈ | ၀.၁၇ | ၀.၂၁ | ၂.၄၉ | ၁.၁၇ | ၁.၃၂ |
| ရန်ကုန် | ၇.၆၈ | ၃.၅၆ | ၄.၁၂ | ၅.၂၅ | ၂.၄၂ | ၂.၈၃ | ၂.၄၃ | ၁.၁၄ | ၁.၂၉ |
| ရှမ်း | ၅.၀၇ | ၂.၄၃ | ၂.၆၄ | ၁.၂၈ | ၀.၆၁ | ၀.၆၇ | ၃.၇၉ | ၁.၈၂ | ၁.၉၇ |
| ဧရာဝတီ | ၆.၀၉ | ၂.၈၆ | ၃.၂၃ | ၀.၈၆ | ၀.၄ | ၀.၄၆ | ၅.၂၃ | ၂.၄၆ | ၂.၇၇ |
| နေပြည်တော် | ၁.၁၈ | ၀.၅၅ | ၀.၆၃ | ၀.၃၅ | ၀.၁၆ | ၀.၁၉ | ၀.၈၃ | ၀.၃၉ | ၀.၄၄ |
| **စုစုပေါင်း** | ၅၀.၉၂ | ၂၃.၈၉ | ၂၇.၀၃ | ၁၄.၆၅ | ၆.၇၂ | ၇.၉၃ | ၃၆.၂၇ | ၁၇.၁၇ | ၁၉.၁၀ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

## ၃.၄ အသက်အုပ်စုအလိုက် လူဦးရေ ပျံ့နှံ့မှုအခြေအနေ

အသက်အုပ်စုအလိုက် လူဦးရေ ပျံ့နှံ့မှုအခြေအနေကို ကျား၊ မ၊ မြို့ပြနှင့် ကျေးလက် ခွဲခြား ကြည့်ပါက အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားတွင် အသက် ၁၅ နှစ် မှ ၂၄ နှစ်ကြား လူငယ်ပျံ့နှံ့မှုနှုန်းသည် တစ်နိုင်ငံလုံး အတိုင်းအတာအရလည်းကောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသတွင် လည်းကောင်း မြင့်မားကြောင်းတွေ့ရှိရပါသည်။

ဇယား (၃.၂)  အသက်အုပ်စုအလိုက် လူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

(သန်းပေါင်း)

| အသက်အုပ်စု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ၀-၄ | ၄.၉၁ | ၂.၄၉ | ၂.၄၂ | ၁.၃၀ | ၀.၆၇ | ၀.၆၃ | ၃.၆၁ | ၁.၈၂ | ၁.၇၉ |
| ၅-၉ | ၄.၆၉ | ၂.၃၅ | ၂.၃၄ | ၁.၁၄ | ၀.၅၇ | ၀.၅၇ | ၃.၅၅ | ၁.၇၈ | ၁.၇၇ |
| ၁၀-၁၄ | ၄.၉၂ | ၂.၄၃ | ၂.၄၉ | ၁.၂၉ | ၀.၆၄ | ၀.၆၅ | ၃.၆၃ | ၁.၇၉ | ၁.၈၄ |
| ၁၅-၁၉ | ၄.၅၃ | ၂.၂၀ | ၂.၃၃ | ၁.၂၈ | ၀.၆၁ | ၀.၆၇ | ၃.၂၅ | ၁.၅၉ | ၁.၆၆ |
| ၂၀-၂၄ | ၄.၁၀ | ၁.၉၁ | ၂.၁၉ | ၁.၁၈ | ၀.၅၂ | ၀.၆၆ | ၂.၉၂ | ၁.၃၉ | ၁.၅၃ |
| ၂၅-၂၉ | ၃.၉၂ | ၁.၈၀ | ၂.၁၂ | ၁.၁၆ | ၀.၅၃ | ၀.၆၃ | ၂.၇၆ | ၁.၂၇ | ၁.၄၉ |

| အသက်အုပ်စု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ၃၀-၃၄ | ၃.၈၇ | ၁.၈၀ | ၂.၀၇ | ၁.၁၃ | ၀.၅၂ | ၀.၆၁ | ၂.၇၄ | ၁.၂၈ | ၁.၄၆ |
| ၃၅-၃၉ | ၃.၆၂ | ၁.၆၉ | ၁.၉၃ | ၁.၀၃ | ၀.၄၈ | ၀.၅၅ | ၂.၅၉ | ၁.၂၁ | ၁.၃၈ |
| ၄၀-၄၄ | ၃.၃၄ | ၁.၅၄ | ၁.၈၀ | ၁.၀၃ | ၀.၄၆ | ၀.၅၇ | ၂.၃၁ | ၁.၀၈ | ၁.၂၃ |
| ၄၅-၄၉ | ၃.၀၇ | ၁.၃၉ | ၁.၆၈ | ၀.၉၆ | ၀.၄၂ | ၀.၅၄ | ၂.၁၁ | ၀.၉၇ | ၁.၁၄ |
| ၅၀-၅၄ | ၂.၇၃ | ၁.၂၃ | ၁.၅၀ | ၀.၈၂ | ၀.၃၅ | ၀.၄၇ | ၁.၉၁ | ၀.၈၈ | ၁.၀၃ |
| ၅၅-၅၉ | ၂.၃၁ | ၁.၀၃ | ၁.၂၈ | ၀.၇၀ | ၀.၂၉ | ၀.၄၁ | ၁.၆၁ | ၀.၇၄ | ၀.၈၇ |
| ၆၀-၆၄ | ၁.၇၈ | ၀.၇၈ | ၁.၀၀ | ၀.၅၈ | ၀.၂၄ | ၀.၃၄ | ၁.၂၀ | ၀.၅၄ | ၀.၆၆ |
| ၆၅+ | ၃.၁၃ | ၁.၂၅ | ၁.၈၈ | ၁.၀၅ | ၀.၄၂ | ၀.၆၃ | ၂.၀၈ | ၀.၈၃ | ၁.၂၅ |
| **စုစုပေါင်း** | ၅၀.၉၂ | ၂၃.၈၉ | ၂၇.၀၃ | ၁၄.၆၅ | ၆.၇၂ | ၇.၉၃ | ၃၆.၂၇ | ၁၇.၁၇ | ၁၉.၁၀ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*




ပုံ (၃.၁) အသက်အုပ်စုအလိုက် လူဦးရေ ပျံ့နှံ့မှုနှုန်း

## ၃.၅ မှီခိုသူအချိုး

ယခုစစ်တမ်းအရ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိ အသက်အပိုင်းအခြားရှိ လူဦးရေများအပေါ် စုစုပေါင်းမှီခိုသူအချိုးသည် ၅၃.၁ ရှိပြီး၊ ကလေးမှီခိုသူအချိုး (၀-၁၄) သည် ၄၃.၇ နှင့် သက်ကြီးရွယ်အို မှီခိုသူအချိုး (၆၅⁺) သည် ၉.၄ ရှိကြောင်းတွေ့ရှိရပါသည်။

မြို့ပြနှင့် ကျေးလက်၏ ကလေးမှီခိုသူနှင့် သက်ကြီးရွယ်အိုမှီခိုသူအချိုးကို နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ရှိ ကလေးမှီခိုသူအချိုးသည် မြို့ပြရှိ ကလေးမှီခိုသူအချိုးထက် မြင့်မားပြီး၊ သက်ကြီးရွယ်အို မှီခိုသူတွင်မူ မြို့ပြက မြင့်မားနေကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ချင်းပြည်နယ်တွင် ကလေးမှီခိုသူအချိုးသည် ၁၀၂.၂ ရှိပြီး ကျန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များထက် အလွန်မြင့်မားကြောင်းတွေ့ရှိရပါသည်။ သက်ကြီးရွယ်အို မှီခိုသူအချိုးတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သက်ကြီးရွယ်အို မှီခိုသူအချိုးသည် ကျန်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

**ဇယား (၃.၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှီခိုသူအချိုး (မြို့ပြ၊ ကျေးလက်)**

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကလေး | သက်ကြီး | ပေါင်း | ကလေး | သက်ကြီး | ပေါင်း | ကလေး | သက်ကြီး |
| ကချင် | ၇၀.၃ | ၆၃.၉ | ၆.၄ | ၆၉.၅ | ၆၁.၆ | ၇.၉ | ၇၀.၇ | ၆၅.၂ | ၅.၅ |
| ကယား | ၆၄.၈ | ၅၈.၄ | ၆.၄ | ၄၇.၀ | ၃၉.၁ | ၇.၉ | ၇၀.၈ | ၆၄.၉ | ၅.၉ |
| ကရင် | ၈၁.၄ | ၇၁.၅ | ၉.၉ | ၆၅.၀ | ၅၇.၃ | ၇.၇ | ၈၆.၆ | ၇၆.၀ | ၁၀.၅ |
| ချင်း | ၁၁၀.၇ | ၁၀၂.၂ | ၈.၅ | ၉၂.၆ | ၈၁.၄ | ၁၁.၂ | ၁၁၅.၇ | ၁၀၇.၉ | ၇.၈ |
| စစ်ကိုင်း | ၄၃.၉ | ၃၃.၆ | ၁၀.၄ | ၃၈.၄ | ၂၈.၅ | ၉.၈ | ၄၅.၂ | ၃၄.၇ | ၁၀.၅ |
| တနင်္သာရီ | ၇၄.၀ | ၆၄.၁ | ၉.၉ | ၅၆.၃ | ၄၅.၉ | ၁၀.၄ | ၈၀.၁ | ၇၀.၃ | ၉.၇ |
| ပဲခူး | ၅၄.၇ | ၄၅.၀ | ၉.၇ | ၄၈.၀ | ၃၇.၉ | ၁၀.၀ | ၅၆.၇ | ၄၇.၁ | ၉.၆ |
| မကွေး | ၄၁.၆ | ၃၁.၁ | ၁၀.၅ | ၃၇.၉ | ၂၅.၂ | ၁၂.၇ | ၄၂.၂ | ၃၂.၁ | ၁၀.၁ |
| မန္တလေး | ၅၀.၅ | ၃၉.၉ | ၁၀.၅ | ၄၆.၁ | ၃၄.၁ | ၁၂.၀ | ၅၂.၇ | ၄၂.၉ | ၉.၈ |
| မွန် | ၄၉.၁ | ၃၉.၅ | ၉.၆ | ၄၇.၁ | ၃၆.၃ | ၁၀.၇ | ၄၉.၉ | ၄၀.၇ | ၉.၂ |
| ရခိုင် | ၇၁.၉ | ၆၂.၇ | ၉.၂ | ၅၀.၉ | ၃၉.၉ | ၁၁.၁ | ၇၅.၆ | ၆၆.၈ | ၈.၈ |
| ရန်ကုန် | ၅၁.၁ | ၄၀.၄ | ၁၀.၆ | ၅၀.၁ | ၃၈.၇ | ၁၁.၅ | ၅၃.၂ | ၄၄.၄ | ၈.၈ |
| ရှမ်း | ၄၈.၅ | ၄၁.၄ | ၇.၁ | ၄၃.၇ | ၃၅.၀ | ၈.၈ | ၅၀.၂ | ၄၃.၇ | ၆.၅ |
| ဧရာဝတီ | ၅၀.၀ | ၄၂.၆ | ၇.၄ | ၄၂.၉ | ၃၄.၁ | ၈.၈ | ၅၁.၂ | ၄၄.၁ | ၇.၁ |
| နေပြည်တော် | ၆၅.၆ | ၅၅.၈ | ၉.၉ | ၅၈.၇ | ၄၈.၈ | ၁၀.၀ | ၆၈.၈ | ၅၈.၉ | ၉.၈ |
| **စုစုပေါင်း** | **၅၃.၁** | **၄၃.၇** | **၉.၄** | **၄၈.၅** | **၃၇.၉** | **၁၀.၇** | **၅၅.၀** | **၄၆.၁** | **၈.၉** |

*ဓာတ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

**ပုံ (၃.၂) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှီခိုသူအချိုး**



## ၃.၆ ပညာရေးဆိုင်ရာ အကြောင်းအရာ

ပညာရေးပြီးမြောက်မှု အခြေအနေနှင့်စပ်လျဉ်း၍ အသက် ၅ နှစ်နှင့်အထက် လူဦးရေကို မေးမြန်းခဲ့ရာ ပြည်ထောင်စုအဆင့်တွင် အသက် ၅ နှစ်နှင့်အထက်လူဦးရေ၏ ၈၀% ကျော်သည် မူလတန်းအဆင့် အထိသာ ပြီးမြောက်ထားသူများဖြစ်သည်ကို တွေ့ရှိရပြီး အမျိုးသားနှင့် အမျိုးသမီးကြား ကြီးမားသည့်ကွာခြားမှုမရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ကြည့်ပါက မြို့ပြရှိ လူဦးရေ၏ ၃၀% ခန့်သည် အလယ်တန်းအဆင့်နှင့် အထက် ပြီးမြောက်ထားသူများဖြစ်ကြောင်းတွေ့ရှိရပြီး ကျေးလက်ဒေသများတွင်မူ အလယ်တန်း အဆင့်နှင့်အထက် ပြီးမြောက်သူ ၁၀% ကျော်သာရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၃.၄) ပညာရေးပြီးမြောက်မှုအဆင့်အလိုက် အသက် ၅ နှစ်နှင့်အထက်လူဦးရေ ပျံ့နှံ့မှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| ပညာရေးအဆင့် (ရာခိုင်နှုန်း) | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| မူလတန်းအောက် | ၂၈.၇ | ၂၇.၃ | ၃၀.၀ | ၂၀.၆ | ၁၉.၅ | ၂၁.၄ | ၃၂.၁ | ၃၀.၄ | ၃၃.၆ |
| မူလတန်း | ၅၅.၄ | ၅၇.၅ | ၅၃.၆ | ၅၀.၈ | ၅၂.၆ | ၄၉.၅ | ၅၇.၃ | ၅၉.၅ | ၅၅.၃ |
| အလယ်တန်း | ၉.၂ | ၉.၇ | ၈.၇ | ၁၄.၁ | ၁၅.၄ | ၁၂.၉ | ၇.၂ | ၇.၄ | ၇.၀ |
| အထက်တန်း | ၆.၇ | ၅.၅ | ၇.၇ | ၁၄.၅ | ၁၂.၅ | ၁၆.၂ | ၃.၄ | ၂.၇ | ၄.၁ |
| **စုစုပေါင်း** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

## အခန်း (၄)

## စီးပွားရေးဆိုင်ရာဝိသေသလက္ခဏာများ

ဤအခန်းတွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသော အသက်အပိုင်းအခြားရှိလူဦးရေ၏ လုပ်သားအင်အား၊ ပညာရေးဆိုင်ရာအကြောင်းအရာ၊ ကျောင်းတက်ရောက်မှု အခြေအနေနှင့် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိရခြင်းအကြောင်းကို ကျား၊ မ၊ မြို့ပြ၊ ကျေးလက် အလိုက် ဖော်ပြထားပါသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသော အသက်အပိုင်းအခြားရှိ လူဦးရေမှာ ၃၆.၃၉ သန်းရှိပြီး ကျား ၁၆.၆၂ သန်းနှင့် မ ၁၉.၇၇ သန်းဖြစ်၍ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသောအသက်အပိုင်းအခြားရှိ လူဦးရေသည် အိမ်ထောင်စုလူဦးရေ ၅၀.၉၂ သန်းတွင် ၇၁% ပါဝင်ကြောင်းတွေ့ရှိရပြီး၊ ကျား ၄၆% နှင့် မ ၅၄% ပါဝင်ကြောင်း တွေ့ရှိရပါသည်။

မြို့ပြတွင် ၃၀%၊ ကျေးလက်တွင် ၇၀% ရှိပြီး၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် အလိုက် အလုပ်လုပ်ကိုင်နေသော အသက်အပိုင်းအခြားရှိလူဦးရေကိုကြည့်ပါက ရန်ကုန်တိုင်းဒေသကြီး တွင် ၅.၆၂ သန်းဖြင့် အများဆုံး၊ ကယားပြည်နယ်တွင် ၀.၁၉ သန်းဖြင့် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရ ပါသည်။

**ဇယား (၄.၁)** ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်း အခြားရှိလူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

(သန်းပေါင်း)

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၀.၉၉ | ၀.၄၇ | ၀.၅၂ | ၀.၃၇ | ၀.၁၇ | ၀.၂၀ | ၀.၆၂ | ၀.၃၀ | ၀.၃၂ |
| ကယား | ၀.၁၉ | ၀.၀၉ | ၀.၁၀ | ၀.၀၅ | ၀.၀၂ | ၀.၀၃ | ၀.၁၄ | ၀.၀၇ | ၀.၀၇ |
| ကရင် | ၀.၉၄ | ၀.၄၃ | ၀.၅၁ | ၀.၂၂ | ၀.၁၀ | ၀.၁၂ | ၀.၇၂ | ၀.၃၃ | ၀.၃၉ |
| ချင်း | ၀.၃၁ | ၀.၁၅ | ၀.၁၆ | ၀.၀၇ | ၀.၀၃ | ၀.၀၄ | ၀.၂၄ | ၀.၁၂ | ၀.၁၂ |
| စစ်ကိုင်း | ၄.၁၂ | ၁.၈၇ | ၂.၂၅ | ၀.၇၆ | ၀.၃၄ | ၀.၄၂ | ၃.၃၆ | ၁.၅၃ | ၁.၈၃ |
| တနင်္သာရီ | ၀.၈၉ | ၀.၄၁ | ၀.၄၈ | ၀.၂၃ | ၀.၁၀ | ၀.၁၃ | ၀.၆၆ | ၀.၃၁ | ၀.၃၅ |
| ပဲခူး | ၃.၆၂ | ၁.၆၅ | ၁.၉၇ | ၀.၈၁ | ၀.၃၅ | ၀.၄၆ | ၂.၈၁ | ၁.၃၀ | ၁.၅၁ |
| မကွေး | ၃.၂၄ | ၁.၄၅ | ၁.၇၉ | ၀.၄၇ | ၀.၂၁ | ၀.၂၆ | ၂.၇၇ | ၁.၂၄ | ၁.၅၃ |
| မန္တလေး | ၄.၅၆ | ၂.၀၈ | ၂.၄၈ | ၁.၅၅ | ၀.၆၈ | ၀.၈၇ | ၃.၀၁ | ၁.၄၀ | ၁.၆၁ |
| မွန် | ၁.၃၀ | ၀.၅၆ | ၀.၇၄ | ၀.၃၆ | ၀.၁၅ | ၀.၂၁ | ၀.၉၄ | ၀.၄၁ | ၀.၅၃ |
| ရခိုင် | ၁.၈၂ | ၀.၈၄ | ၀.၉၈ | ၀.၂၈ | ၀.၁၂ | ၀.၁၆ | ၁.၅၄ | ၀.၇၂ | ၀.၈၂ |
| ရန်ကုန် | ၅.၆၂ | ၂.၅၃ | ၃.၀၉ | ၃.၉၀ | ၁.၇၃ | ၂.၁၇ | ၁.၇၂ | ၀.၈၀ | ၀.၉၂ |
| ရှမ်း | ၃.၆၆ | ၁.၇၁ | ၁.၉၅ | ၀.၉၇ | ၀.၄၄ | ၀.၅၃ | ၂.၆၉ | ၁.၂၇ | ၁.၄၂ |
| ဧရာဝတီ | ၄.၃၅ | ၂.၀၃ | ၂.၃၂ | ၀.၆၅ | ၀.၂၉ | ၀.၃၆ | ၃.၇၀ | ၁.၇၄ | ၁.၉၆ |
| နေပြည်တော် | ၀.၇၈ | ၀.၃၅ | ၀.၄၃ | ၀.၂၅ | ၀.၁၁ | ၀.၁၄ | ၀.၅၃ | ၀.၂၄ | ၀.၂၉ |
| **စုစုပေါင်း** | **၃၆.၃၉** | **၁၆.၆၂** | **၁၉.၇၇** | **၁၀.၉၄** | **၄.၈၄** | **၆.၁၀** | **၂၅.၄၅** | **၁၁.၇၈** | **၁၃.၆၇** |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ပုံ (၄.၁) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေ




## ၄.၁ လုပ်သားအင်အား

၂၀၁၅ ခုနှစ် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေတွင် လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ ၆၄.၇% ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းအရ စုစုပေါင်း လုပ်သား အင်အားပါဝင်မှုနှုန်းမှာ ၆၁.၂% ရှိရာ အမျိုးသားများ၏ လုပ်သားအင်အားပါဝင်မှုနှုန်း ၇၇.၃% သည် အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုနှုန်း ၄၇.၇% ထက် မြင့်မားကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းကိုကြည့်ပါက အသက် ၃၅ နှစ်အထက်မှစ၍ တဖြည်းဖြည်းကျဆင်းလာပြီး၊ အမျိုးသားများ၏ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ အသက် ၂၀ နှစ်မှ ၅၉ နှစ်ကြားတွင် မြင့်မားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

အသက် ၁၅-၂၄ နှစ်ကြား လူငယ်များ၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၅၀.၉% ရှိပြီး လူငယ်အမျိုးသားသည် ၅၈.၆% ဖြင့် လူငယ်အမျိုးသမီး ၄၃.၉% ထက်မြင့်မားကြောင်း တွေ့ရှိရပါသည်။ အသက် ၂၅ နှစ်အထက် အမျိုးသားများ၏ လုပ်သားအင်အားပါဝင်မှုနှုန်း ၈၃.၅% သည် ၂၅ နှစ်အထက် အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်နှုန်း ၄၈.၉% ထက် ထက်ဝက်ခန့် မြင့်မားကြောင်း တွေ့ရှိရ ပါသည်။

မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ကြည့်ပါက မြို့ပြဒေသထက် ကျေးလက်ဒေသ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းသည် ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ အသက်အပိုင်း အခြားအလိုက် လုပ်သားအင်အားပါဝင်မှုနှုန်းကို ကြည့်ပါက အသက် ၃၀ နှစ်နှင့် ၃၄ နှစ်ကြား အသက် အပိုင်းအခြားတွင် မြို့ပြဒေသနှင့် ကျေးလက်ဒေသသာမက ပြည်ထောင်စုအဆင့်တွင်လည်း အမြင့်ဆုံးဖြစ် ကြောင်းတွေ့ရှိရပါသည်။ အသက် ၆၀ နှစ်နှင့်အထက် အသက်အုပ်စုများတွင် လုပ်သားအင်အားပါဝင်မှု နှုန်းသည် သိသိသာသာ ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၂)     အသက်အုပ်စုအလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

| အသက်အုပ်စု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ၁၅-၁၉ | ၃၂.၉ | ၃၈.၃ | ၂၇.၈ | ၂၅.၀ | ၂၇.၄ | ၂၂.၈ | ၃၆.၀ | ၄၂.၅ | ၂၉.၇ |
| ၂၀-၂၄ | ၇၀.၈ | ၈၂.၀ | ၆၁.၀ | ၆၄.၂ | ၇၂.၇ | ၅၇.၆ | ၇၃.၅ | ၈၅.၅ | ၆၂.၅ |
| ၂၅-၂၉ | ၇၇.၉ | ၉၂.၀ | ၆၆.၀ | ၇၅.၈ | ၉၀.၅ | ၆၃.၅ | ၇၈.၈ | ၉၂.၆ | ၆၇.၁ |
| ၃၀-၃၄ | ၇၉.၆ | ၉၅.၁ | ၆၆.၂ | ၇၈.၄ | ၉၄.၀ | ၆၅.၂ | ၈၀.၁ | ၉၅.၆ | ၆၆.၆ |
| ၃၅-၃၉ | ၇၆.၄ | ၉၅.၅ | ၅၉.၇ | ၇၄.၈ | ၉၄.၇ | ၅၇.၄ | ၇၇.၀ | ၉၅.၈ | ၆၀.၆ |
| ၄၀-၄၄ | ၇၅.၄ | ၉၃.၉ | ၅၉.၅ | ၇၄.၅ | ၉၁.၅ | ၆၀.၇ | ၇၅.၈ | ၉၅.၀ | ၅၈.၉ |
| ၄၅-၄၉ | ၇၂.၀ | ၉၃.၆ | ၅၃.၉ | ၇၀.၅ | ၉၁.၆ | ၅၃.၈ | ၇၂.၆ | ၉၄.၅ | ၅၃.၉ |
| ၅၀-၅၄ | ၆၆.၃ | ၈၉.၆ | ၄၇.၂ | ၆၃.၉ | ၈၆.၄ | ၄၇.၃ | ၆၇.၄ | ၉၀.၉ | ၄၇.၂ |
| ၅၅-၅၉ | ၅၉.၃ | ၈၃.၉ | ၃၉.၅ | ၅၄.၅ | ၇၈.၄ | ၃၇.၆ | ၆၁.၃ | ၈၆.၁ | ၄၀.၄ |
| ၆၀-၆၄ | ၃၇.၁ | ၅၈.၁ | ၂၀.၉ | ၃၀.၉ | ၄၆.၆ | ၂၀.၁ | ၄၀.၁ | ၆၃.၂ | ၂၁.၃ |
| ၆၅+ | ၁၃.၈ | ၂၃.၆ | ၇.၃ | ၁၀.၆ | ၁၇.၅ | ၆.၀ | ၁၅.၄ | ၂၆.၇ | ၇.၉ |
| လူငယ် (၁၅-၂၄) | ၅၀.၉ | ၅၈.၆ | ၄၃.၉ | ၄၃.၈ | ၄၈.၁ | ၄၀.၁ | ၅၃.၇ | ၆၂.၅ | ၄၅.၅ |
| လူကြီး (၂၅+) | ၆၄.၅ | ၈၃.၅ | ၄၈.၉ | ၆၁.၂ | ၇၉.၃ | ၄၇.၀ | ၆၅.၉ | ၈၅.၃ | ၄၉.၇ |
| **စုစုပေါင်း (၁၅+)** | **၆၁.၂** | **၇၇.၃** | **၄၇.၇** | **၅၇.၃** | **၇၂.၁** | **၄၅.၅** | **၆၃.၀** | **၇၉.၅** | **၄၈.၇** |

*ဓာတ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ပုံ (၄.၂) အသက်အုပ်စုအလိုက် လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း




ဇယား ၄.၃ တွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်သားအင်အား ပါဝင်မှုနှုန်းကို လေ့လာကြည့်ပါက ရှမ်းပြည်နယ်တွင် ၇၁.၈% ဖြင့် အမြင့်မားဆုံးဖြစ်ပြီး၊ မြို့ပြဒေသနှင့် ကျေးလက်ဒေသများတွင်ပါ အမြင့်မားဆုံးဖြစ်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၆၆.၂% ဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပြီး၊ ချင်းပြည်နယ်တွင် ၄၀.၉% ဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၅၀.၆ | ၆၇.၅ | ၃၅.၁ | ၅၁.၅ | ၆၈.၈ | ၃၆.၂ | ၅၀.၁ | ၆၆.၈ | ၃၄.၄ |
| ကယား | ၆၄.၄ | ၇၆.၀ | ၅၃.၄ | ၆၂.၈ | ၇၄.၅ | ၅၂.၅ | ၆၄.၉ | ၇၆.၅ | ၅၃.၇ |
| ကရင် | ၅၁.၈ | ၇၀.၃ | ၃၆.၀ | ၅၄.၇ | ၇၃.၉ | ၃၈.၅ | ၅၁.၀ | ၆၉.၃ | ၃၅.၃ |
| ချင်း | ၄၀.၉ | ၄၆.၀ | ၃၆.၃ | ၄၈.၀ | ၅၆.၀ | ၄၁.၈ | ၃၈.၉ | ၄၃.၅ | ၃၄.၆ |
| စစ်ကိုင်း | ၆၆.၂ | ၈၀.၆ | ၅၄.၂ | ၅၉.၆ | ၇၁.၈ | ၄၉.၆ | ၆၇.၇ | ၈၂.၅ | ၅၅.၃ |
| တနင်္သာရီ | ၅၄.၆ | ၇၄.၂ | ၃၈.၁ | ၅၅.၈ | ၇၂.၀ | ၄၃.၁ | ၅၄.၂ | ၇၄.၉ | ၃၆.၃ |
| ပဲခူး | ၆၄.၄ | ၈၁.၈ | ၄၉.၈ | ၆၂.၅ | ၇၄.၂ | ၅၃.၇ | ၆၄.၉ | ၈၃.၈ | ၄၈.၆ |
| မကွေး | ၆၃.၉ | ၇၅.၁ | ၅၄.၉ | ၆၂.၃ | ၇၁.၉ | ၅၄.၈ | ၆၄.၂ | ၇၅.၆ | ၅၄.၉ |
| မန္တလေး | ၆၄.၄ | ၇၇.၇ | ၅၃.၂ | ၅၇.၉ | ၇၂.၉ | ၄၆.၂ | ၆၇.၇ | ၈၀.၀ | ၅၇.၀ |
| မွန် | ၅၅.၁ | ၇၄.၉ | ၄၀.၁ | ၅၁.၄ | ၇၁.၃ | ၃၇.၁ | ၅၆.၆ | ၇၆.၂ | ၄၁.၄ |
| ရခိုင် | ၅၉.၁ | ၇၈.၁ | ၄၂.၉ | ၅၈.၈ | ၇၂.၆ | ၄၈.၄ | ၅၉.၁ | ၇၉.၀ | ၄၁.၈ |
| ရန်ကုန် | ၅၅.၀ | ၇၀.၅ | ၄၂.၃ | ၅၃.၄ | ၆၈.၈ | ၄၁.၁ | ၅၈.၇ | ၇၄.၃ | ၄၅.၂ |
| ရှမ်း | ၇၁.၈ | ၈၃.၂ | ၆၁.၇ | ၆၇.၅ | ၇၉.၂ | ၅၇.၆ | ၇၃.၃ | ၈၄.၆ | ၆၃.၂ |
| ဧရာဝတီ | ၅၆.၉ | ၈၂.၄ | ၃၄.၅ | ၅၅.၆ | ၇၆.၇ | ၃၈.၄ | ၅၇.၁ | ၈၃.၃ | ၃၃.၈ |
| နေပြည်တော် | ၆၆.၁ | ၇၇.၈ | ၅၆.၅ | ၆၄.၈ | ၇၈.၄ | ၅၄.၂ | ၆၆.၇ | ၇၇.၅ | ၅၇.၇ |
| **စုစုပေါင်း** | ၆၁.၂ | ၇၇.၃ | ၄၇.၇ | ၅၇.၃ | ၇၂.၁ | ၄၅.၅ | ၆၃.၀ | ၇၉.၅ | ၄၈.၇ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ပုံ (၄.၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း



ဇယား ၄.၄ တွင် ပညာရေးပြီးမြောက်မှုအဆင့်အလိုက် လုပ်သားအင်အားပါဝင်မှုနှုန်းကို ဖော်ပြထားရာ မူလတန်းအဆင့် စာတတ်မြောက်သူများ၏ ၆၆.၇% ၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများ၏ ၄၆.၇% ၊ အထက်တန်းအဆင့်စာတတ်မြောက်သူများ၏ ၆၆.၄% သည် လုပ်သားအင်အားအဖြစ် ပါဝင်လျက်ရှိပါသည်။

ပညာရေးပြီးမြောက်မှုအဆင့်အလိုက် လုပ်သားအင်အားပါဝင်မှုကို အမျိုးသား၊ အမျိုးသမီး နှိုင်းယှဉ်ကြည့်ပါက မူလတန်းအဆင့်အောက်မှ အထက်တန်းအဆင့်ထိ ပြီးမြောက်ထားသူ အမျိုးသားများ၏ပါဝင်မှုနှုန်းသည် အမျိုးသမီးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

ဇယား (၄.၄) ပညာရေးပြီးမြောက်မှုအဆင့်အလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

| ပညာရေးအဆင့် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| မူလတန်းအောက် | ၅၃.၈ | ၇၅.၅ | ၃၈.၇ | ၄၉.၅ | ၇၁.၁ | ၃၆.၂ | ၅၄.၉ | ၇၆.၄ | ၃၉.၃ |
| မူလတန်း | ၆၆.၇ | ၈၂.၆ | ၅၂.၀ | ၆၀.၁ | ၇၇.၀ | ၄၅.၅ | ၆၉.၁ | ၈၄.၆ | ၅၄.၄ |
| အလယ်တန်း | ၄၆.၇ | ၅၈.၂ | ၃၅.၆ | ၄၇.၄ | ၅၉.၆ | ၃၅.၂ | ၄၆.၂ | ၅၇.၁ | ၃၅.၉ |
| အထက်တန်း | ၆၆.၄ | ၇၂.၂ | ၆၂.၈ | ၆၅.၅ | ၇၁.၆ | ၆၁.၇ | ၆၇.၉ | ၇၃.၂ | ၆၄.၈ |
| **စုစုပေါင်း** | ၆၁.၂ | ၇၇.၃ | ၄၇.၇ | ၅၇.၃ | ၇၂.၁ | ၄၅.၅ | ၆၃.၀ | ၇၉.၅ | ၄၈.၇ |

*ရင်းမြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

## ၄.၂ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိရခြင်းအကြောင်းကို ကျား၊ မ၊ မြို့ပြ၊ ကျေးလက် အလိုက် ဖော်ပြမှု

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းခြားရှိ လူဦးရေတွင် လုပ်သားအင်အားနှင့် လုပ်သားအင်အားပြင်ပတွင် ရှိသူတို့ပါဝင်ပြီး လုပ်သားအင်အားပြင်ပတွင် ရောက်ရှိရခြင်းကို ကျောင်း/သင်တန်းတက်ရောက်ခြင်း၊ အိမ်မှုကိစ္စ/မိသားစုတာဝန်ရှိခြင်း၊ မကျန်းမာခြင်း၊ အနာတရဖြစ်ခြင်း၊ မသန်စွမ်းခြင်း၊ အငြိမ်းစား၊ အလုပ်လုပ်ရန် အရွယ်လွန်/အိုမင်းခြင်း၊ ရာသီချိန်ပြင်ပကာလ၊ အလုပ်လုပ်ရသည့်အခြေအနေကို လက်ခံဆောင်ရွက်လိုမှုမရှိခြင်း၊ မိသားစု စားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်း/ငါးဖမ်းလုပ်ငန်းများကိုလုပ်ကိုင်နေခြင်းနှင့် အခြားဟူ၍ ခွဲခြားကောက်ယူခဲ့ရာ မိသားစုတာဝန် (သို့) အိမ်မှုကိစ္စကြောင့်ဖြစ်ခြင်း ၄၅.၆% သည် အမြင့်ဆုံးဖြစ်ပြီး၊ အခြားအကြောင်းကြောင့်ဖော်ပြမှု ၀.၈% နှင့် မိသားစုစားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးမွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်နေရခြင်း ၁.၃% တို့သည် အနိမ့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

လုပ်သားအင်အားပြင်ပတွင် ရောက်ရှိခြင်းကို ကျား နှင့် မ နှိုင်းယှဉ်ပါက အမျိုးသားသည် အချိန်ပြည့်ကျောင်း (သို့) သင်တန်းတက်ရောက်နေခြင်းတွင် ၃၇.၄% ဖြင့် အမြင့်ဆုံးဖြစ်ပြီး အမျိုးသမီးမှာ မိသားစုတာဝန် (သို့) အိမ်မှုကိစ္စကြောင့် ၅၉.၇% ဖြင့် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြဒေသနှင့် ကျေးလက်ဒေသကို နှိုင်းယှဉ်ကြည့်ပါက မိသားစုတာဝန် (သို့) အိမ်မှုကိစ္စကြောင့် လုပ်သားအင်အားပြင်ပရောက်ရှိမှုတွင် ရာခိုင်နှုန်းအနည်းငယ် ကွာခြားကြောင်းတွေ့ရသည်။

အသက် ၁၅ နှစ်နှင့်အထက် လူဦးရေတွင် လုပ်သားအင်အားပြင်ပရောက်ရှိနေသူ ရာခိုင်နှုန်းကို ကြည့်မည်ဆိုပါက ပြည်ထောင်စုအဆင့်တွင် ၃၈.၈% ရှိပြီး၊ ကျား၊ မ နှိုင်းယှဉ်ကြည့်ပါက အမျိုးသမီးများ၏ ရာခိုင်နှုန်းသည် ၅၂.၃% ဖြင့် အမျိုးသားများထက် ၂ ဆကျော်မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ပါက မြို့ပြဒေသများတွင် ကျေးလက်ဒေသများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

**ဇယား (၄.၅) အလုပ်မလုပ်လိုသည့် (သို့မဟုတ်) အလုပ်လက်ခံ မဆောင်ရွက်နိုင်သည့် အဓိကအကြောင်း အရင်းအလိုက် လုပ်သားအင်အားပြင်ပတွင်ရှိသူ ပျံ့နှံ့မှုအခြေအနေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| အကြောင်းပြချက် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကျောင်း/သင်တန်းတက်ရောက် | ၂၁.၆ | ၃၇.၄ | ၁၅.၉ | ၂၂.၉ | ၃၆.၈ | ၁၇.၃ | ၂၀.၉ | ၃၇.၈ | ၁၅.၂ |
| မိသားစုတာဝန် (သို့) အိမ်မှုကိစ္စ | ၄၅.၆ | ၆.၇ | ၅၉.၇ | ၄၁.၆ | ၇.၁ | ၅၅.၇ | ၄၇.၆ | ၆.၅ | ၆၁.၆ |
| မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်း | ၉.၄ | ၁၇.၁ | ၆.၇ | ၉.၉ | ၁၇.၅ | ၆.၈ | ၉.၂ | ၁၆.၈ | ၆.၆ |
| အငြိမ်းစား/ အသက်အရွယ်အိုမင်း | ၁၇.၈ | ၂၅.၉ | ၁၄.၉ | ၂၁.၇ | ၃၀.၀ | ၁၈.၂ | ၁၅.၉ | ၂၃.၆ | ၁၃.၃ |
| ရာသီချိန်ပြင်ပ | ၂.၀ | ၄.၈ | ၁.၀ | ၀.၄ | ၁.၂ | ၀.၁ | ၂.၈ | ၆.၉ | ၁.၃ |
| အလုပ်လုပ်ရသည့်အခြေအနေကို လက်ခံဆောင်ရွက်လိုခြင်းမရှိသူ | ၁.၅ | ၃.၇ | ၀.၆ | ၂.၀ | ၄.၉ | ၀.၈ | ၁.၂ | ၃.၁ | ၀.၆ |
| မိသားစုစားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးမွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းများ | ၁.၃ | ၂.၉ | ၀.၇ | ၀.၃ | ၀.၅ | ၀.၃ | ၁.၈ | ၄.၂ | ၀.၉ |
| အခြား | ၀.၈ | ၁.၅ | ၀.၆ | ၁.၁ | ၁.၉ | ၀.၈ | ၀.၆ | ၁.၂ | ၀.၄ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| **အသက် ၁၅ နှစ်နှင့်အထက် လုပ်သားအင်အားပြင်ပရှိလူဦးရေ (သန်းပေါင်း)** | **၁၄.၁၀** | **၃.၇၇** | **၁၀.၃၄** | **၄.၆၈** | **၁.၃၆** | **၃.၃၂** | **၉.၄၃** | **၂.၄၁** | **၇.၀၁** |
| **အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သူ ဦးရေတွင် လုပ်သားအင်အားပြင်ပရှိသူ ရာခိုင်နှုန်း** | **၃၈.၈** | **၂၂.၇** | **၅၂.၃** | **၄၂.၇** | **၂၇.၉** | **၅၄.၅** | **၃၇.၀** | **၂၀.၅** | **၅၁.၃** |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

# အခန်း (၅)

# အလုပ်အကိုင်

ဤအခန်းတွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများ၏ သွင်ပြင်လက္ခဏာများ ကို ကျား၊ မ၊ အသက်အုပ်စု၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်အကိုင် အခြေအနေ၊ စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ပျံ့နှံ့မှု၊ ပညာရေးအဆင့်၊ သမရိုးကျမဟုတ်သော အလုပ်အကိုင်၏ သွင်ပြင်များနှင့် စပ်လျဉ်း၍ ဖော်ပြထားပါသည်။

## ၅.၁ အလုပ်လက်ရှိဦးရေ

ဇယား ၅.၁ တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ အလုပ်လက်ရှိဦးရေကို အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်တွင် အသက် ၂၅ နှစ်မှ ၃၄ နှစ်အကြား အသက်အရွယ်အုပ်စုတွင် အလုပ်လုပ်ကိုင်သူဦးရေ မြင့်မားသည်ကို တွေ့ရှိရပြီး ကျေးလက်ဒေသများတွင် အသက် ၂၀ နှစ်မှ ၃၄ နှစ်အကြား အသက်အရွယ်အပိုင်းအခြားတွင် အလုပ်လုပ်ကိုင်သူဦးရေ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

**ဇယား (၅.၁)အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ အလုပ်လက်ရှိဦးရေ (ကျား၊ မ မြို့ပြ၊ ကျေးလက်)**

(သန်းပေါင်း)

| အသက်အုပ်စု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ၁၅-၁၉ | ၁.၄၀ | ၀.၇၉ | ၀.၆၁ | ၀.၂၉ | ၀.၁၅ | ၀.၁၄ | ၁.၁၁ | ၀.၆၄ | ၀.၄၇ |
| ၂၀-၂၄ | ၂.၈၀ | ၁.၅၃ | ၁.၂၇ | ၀.၇၁ | ၀.၃၆ | ၀.၃၅ | ၂.၀၉ | ၁.၁၇ | ၀.၉၂ |
| ၂၅-၂၉ | ၃.၀၀ | ၁.၆၃ | ၁.၃၇ | ၀.၈၆ | ၀.၄၇ | ၀.၃၉ | ၂.၁၄ | ၁.၁၆ | ၀.၉၈ |
| ၃၀-၃၄ | ၃.၀၄ | ၁.၆၉ | ၁.၃၅ | ၀.၈၇ | ၀.၄၈ | ၀.၃၉ | ၂.၁၇ | ၁.၂၁ | ၀.၉၆ |
| ၃၅-၃၉ | ၂.၇၄ | ၁.၆၀ | ၁.၁၄ | ၀.၇၆ | ၀.၄၅ | ၀.၃၁ | ၁.၉၈ | ၁.၁၅ | ၀.၈၃ |
| ၄၀-၄၄ | ၂.၅၀ | ၁.၄၄ | ၁.၀၆ | ၀.၇၆ | ၀.၄၂ | ၀.၃၄ | ၁.၇၄ | ၁.၀၂ | ၀.၇၂ |
| ၄၅-၄၉ | ၂.၂၁ | ၁.၃၁ | ၀.၉၀ | ၀.၆၈ | ၀.၃၉ | ၀.၂၉ | ၁.၅၃ | ၀.၉၂ | ၀.၆၁ |
| ၅၀-၅၄ | ၁.၈၀ | ၁.၁၀ | ၀.၇၀ | ၀.၅၂ | ၀.၃၀ | ၀.၂၂ | ၁.၂၈ | ၀.၈၀ | ၀.၄၈ |
| ၅၅-၅၉ | ၁.၃၆ | ၀.၈၆ | ၀.၅၀ | ၀.၃၈ | ၀.၂၃ | ၀.၁၅ | ၀.၉၈ | ၀.၆၃ | ၀.၃၅ |
| ၆၀-၆၄ | ၀.၆၆ | ၀.၄၅ | ၀.၂၁ | ၀.၁၈ | ၀.၁၁ | ၀.၀၇ | ၀.၄၈ | ၀.၃၄ | ၀.၁၄ |
| ၆၅+ | ၀.၄၃ | ၀.၂၉ | ၀.၁၄ | ၀.၁၁ | ၀.၀၇ | ၀.၀၄ | ၀.၃၂ | ၀.၂၂ | ၀.၁၀ |
| လူငယ် (၁၅-၂၄) | ၄.၂၁ | ၂.၃၃ | ၁.၈၈ | ၁.၀၀ | ၀.၅၁ | ၀.၄၉ | ၃.၂၁ | ၁.၈၂ | ၁.၃၉ |
| လူကြီး (၂၅+) | ၁၇.၇၃ | ၁၀.၃၆ | ၇.၃၇ | ၅.၁၂ | ၂.၉၂ | ၂.၂၀ | ၁၂.၆၁ | ၇.၄၄ | ၅.၁၇ |
| **စုစုပေါင်း (၁၅+)** | **၂၁.၉၄** | **၁၂.၆၉** | **၉.၂၅** | **၆.၁၂** | **၃.၄၃** | **၂.၆၉** | **၁၅.၈၂** | **၉.၂၆** | **၆.၅၆** |

*ဓာတ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ဇယား ၅.၂ တွင် အလုပ်လက်ရှိများ၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့ပြ၊ ကျေးလက်အလိုက် ပျံ့နှံ့မှုရာခိုင်နှုန်းကို ဖော်ပြထားရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံး ပျံ့နှံ့လျက်ရှိပြီး၊ ကျေးလက်ဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ၁၄.၃% ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၃.၃% ၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂.၈% ၊ ရှမ်းပြည်နယ်တွင် ၁၂.၃% တို့ဖြင့် အများဆုံးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြ၌ ၃၃.၁% ဖြင့် အများဆုံးပျံ့နှံ့လျက်ရှိပြီး၊ ဒုတိယအများဆုံးဖြစ်သည့်

မန္တလေးတိုင်းဒေသကြီးရှိ မြို့ပြ ၁၄.၆% ထက် နှစ်ဆကျော် ပိုမိုပါဝင်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် အမျိုးသား၊ အမျိုးသမီးပါဝင်မှုကို နှိုင်းယှဉ်ကြည့်ပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၁၃.၈% ဖြင့် အမြင့်ဆုံးဖြစ်ပြီး၊ မန္တလေးတိုင်းဒေသကြီးတွင်အမျိုးသမီးပါဝင်မှုသည် ၁၄.၃% ဖြင့် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၅.၂) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်လက်ရှိပျံ့နှံ့မှု (ကျား၊ မ မြို့ပြ၊ ကျေးလက်)

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၂.၃ | ၂.၅ | ၂.၀ | ၃.၁ | ၃.၄ | ၂.၆ | ၂.၀ | ၂.၂ | ၁.၇ |
| ကယား | ၀.၆ | ၀.၅ | ၀.၆ | ၀.၅ | ၀.၅ | ၀.၅ | ၀.၆ | ၀.၆ | ၀.၆ |
| ကရင် | ၂.၂ | ၂.၄ | ၁.၉ | ၁.၉ | ၂.၁ | ၁.၆ | ၂.၃ | ၂.၅ | ၂.၁ |
| ချင်း | ၀.၅ | ၀.၄ | ၀.၅ | ၀.၅ | ၀.၄ | ၀.၆ | ၀.၅ | ၀.၄ | ၀.၅ |
| စစ်ကိုင်း | ၁၂.၄ | ၁၁.၉ | ၁၃.၀ | ၇.၃ | ၇.၁ | ၇.၄ | ၁၄.၃ | ၁၃.၆ | ၁၅.၃ |
| တနင်္သာရီ | ၂.၂ | ၂.၃ | ၂.၀ | ၂.၀ | ၂.၀ | ၂.၀ | ၂.၂ | ၂.၅ | ၁.၉ |
| ပဲခူး | ၉.၉ | ၁၀.၁ | ၉.၇ | ၇.၇ | ၇.၁ | ၈.၄ | ၁၀.၈ | ၁၁.၂ | ၁၀.၃ |
| မကွေး | ၉.၄ | ၈.၅ | ၁၀.၆ | ၄.၇ | ၄.၂ | ၅.၂ | ၁၁.၂ | ၁၀.၁ | ၁၂.၈ |
| မန္တလေး | ၁၃.၃ | ၁၂.၇ | ၁၄.၃ | ၁၄.၆ | ၁၄.၄ | ၁၅.၀ | ၁၂.၈ | ၁၂.၀ | ၁၄.၀ |
| မွန် | ၃.၃ | ၃.၃ | ၃.၂ | ၃.၁ | ၃.၂ | ၂.၉ | ၃.၄ | ၃.၄ | ၃.၃ |
| ရခိုင် | ၄.၈ | ၅.၁ | ၄.၅ | ၂.၇ | ၂.၅ | ၂.၈ | ၅.၇ | ၆.၁ | ၅.၂ |
| ရန်ကုန် | ၁၃.၈ | ၁၃.၈ | ၁၃.၈ | ၃၃.၁ | ၃၃.၉ | ၃၂.၂ | ၆.၃ | ၆.၄ | ၆.၂ |
| ရှမ်း | ၁၁.၈ | ၁၁.၁ | ၁၂.၈ | ၁၀.၅ | ၁၀.၁ | ၁၁.၀ | ၁၂.၃ | ၁၁.၅ | ၁၃.၅ |
| ဧရာဝတီ | ၁၁.၃ | ၁၃.၂ | ၈.၆ | ၅.၉ | ၆.၅ | ၅.၁ | ၁၃.၃ | ၁၅.၆ | ၁၀.၁ |
| နေပြည်တော် | ၂.၃ | ၂.၁ | ၂.၅ | ၂.၅ | ၂.၄ | ၂.၆ | ၂.၂ | ၂.၀ | ၂.၅ |
| **စုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| **အသက် ၁၅ နှစ်နှင့် အထက်အလုပ်လက်ရှိ ဦးရေ (သန်းပေါင်း)** | ၂၁.၉၄ | ၁၂.၆၉ | ၉.၂၅ | ၆.၁၂ | ၃.၄၃ | ၂.၆၉ | ၁၅.၈၂ | ၉.၂၆ | ၆.၅၆ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

## ၅.၂ အလုပ်အကိုင်အခြေအနေ

ဇယား ၅.၃ တွင် ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် အလုပ်အကိုင်ပျံ့နှံ့မှုအခြေအနေကို အလုပ်သမား၊ အလုပ်ရှင် (ပုံမှန်အလုပ်သမားဖြင့်)၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (ပုံမှန် အလုပ်သမားမရှိ)၊ အခကြေးငွေမရသော မိသားစုဝင်လုပ်သားဟူ၍ဖော်ပြထားရာ စုစုပေါင်း အလုပ်အကိုင်တွင် အလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်သူ ၃၆.၈%၊ အလုပ်ရှင်အဖြစ် ၂.၉%၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူအဖြစ် ၃၅.၄%၊ မိသားစုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူအဖြစ် ၂၄.၉% ရှိကြောင်းတွေ့ရှိရပါသည်။

အလုပ်သမားအဖြစ် လုပ်ကိုင်နေသူများတွင် ကျား၊ မ ကွာဟမှု အနည်းငယ်သာရှိပြီး အလုပ်ရှင်တွင် အမျိုးသား ၄.၁% ၊ အမျိုးသမီး ၁.၄% ၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများတွင် အမျိုးသား ၄၂.၇%၊ အမျိုးသမီး ၂၅.၃% ဖြင့် သိသာစွာခြားနားသည်ကို တွေ့ရှိရပါသည်။

အလုပ်သမားအဖြစ် လုပ်ကိုင်နေသူများသည် ကျေးလက်ထက် မြို့ပြတွင်ပိုမိုများပြားပြီး ကျေးလက်၊ မြို့ပြနှစ်ခုလုံး၌ မိသားစုဝင်လုပ်သားအဖြစ် ပါဝင်လုပ်ကိုင်သည့် အမျိုးသမီး ရာခိုင်နှုန်းသည် အမျိုးသားများထက် ပိုမိုများပြားပြီး၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများတွင် မြို့ပြတွင် အမျိုးသား၊ အမျိုးသမီး အနည်းငယ်ကွာဟသော်လည်း၊ ကျေးလက်တွင် အမျိုးသားကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ သည် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းထက် နှစ်ဆခန့် ပိုမိုသည်ကိုတွေ့ရှိရပါသည်။

**ဇယား (၅.၃)အလုပ်အကိုင်ပျံ့နှံ့မှုအခြေအနေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| အလုပ်အကိုင်အခြေအနေ | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| အလုပ်သမား | ၃၆.၈ | ၃၆.၆ | ၃၇.၀ | ၄၆.၀ | ၄၇.၅ | ၄၄.၁ | ၃၃.၂ | ၃၂.၅ | ၃၄.၁ |
| အလုပ်ရှင် | ၂.၉ | ၄.၁ | ၁.၄ | ၃.၀ | ၄.၄ | ၁.၂ | ၂.၉ | ၄.၀ | ၁.၄ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၃၅.၄ | ၄၂.၇ | ၂၅.၃ | ၃၅.၆ | ၃၈.၈ | ၃၁.၅ | ၃၅.၃ | ၄၄.၂ | ၂၂.၇ |
| မိသားစုဝင်လုပ်သား | ၂၄.၉ | ၁၆.၆ | ၃၆.၃ | ၁၅.၄ | ၉.၃ | ၂၃.၂ | ၂၈.၆ | ၁၉.၃ | ၄၁.၈ |
| **စုစုပေါင်း (၁၅+)** | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| **အသက် ၁၅ နှစ်နှင့် အထက် အလုပ်လက်ရှိဦးရေ (သန်းပေါင်း)** | **၂၁.၉၄** | **၁၂.၆၉** | **၉.၂၅** | **၆.၁၂** | **၃.၄၃** | **၂.၆၉** | **၁၅.၈၂** | **၉.၂၆** | **၆.၅၆** |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

**ပုံ (၅.၁) အလုပ်အကိုင်ပျံ့နှံ့မှုအခြေအနေ**




ဇယား ၅.၄ တွင် စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိ ပျံ့နှံ့မှုနှုန်းကို မြို့ပြ၊ ကျေးလက်၊ ကျား၊ မ ခွဲခြားဖော်ပြထားပါသည်။

လုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိဦးရေကိုကြည့်မည်ဆိုပါက လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကဏ္ဍတွင် အများဆုံး ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပြီး၊ ဒုတိယအများဆုံးအဖြစ် လက်လီနှင့် လက္ကားရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍနှင့် တတိယအများဆုံးအဖြစ် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတို့တွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကျား၊ မ နှိုင်းယှဉ်လေ့လာကြည့်ပါက အမျိုးသားများသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း ကဏ္ဍတွင် ၅၄.၂%၊ လက်လီနှင့် လက္ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ၁၀.၈% ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွင် ၈.၂% နှင့် ဆောက်လုပ်ရေးလုပ်ငန်းတွင် ၆.၅%၊ အမျိုးသမီးများသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ၄၅.၇%၊ လက်လီနှင့် လက္ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ၂၂.၃% ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ၁၃.၅% နှင့် ပညာရေးကဏ္ဍတွင် ၅.၃% တို့ဖြင့် အများဆုံးဝင်ရောက်လုပ်ကိုင်လျက်ရှိရာ အနည်းငယ်ခြားနားမှုရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်လေ့လာကြည့်မည်ဆိုပါက မြို့ပြဒေသများတွင် လက်လီနှင့် လက္ကား ရောင်းဝယ်ရေးလုပ်ငန်းတွင် ၃၀.၅%၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ၁၇.၅% နှင့် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် ၁၀.၆% ဖြစ်ပြီး၊ ကျေးလက်ဒေသများတွင် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် ၆၆.၁%၊ လက်လီနှင့် လက္ကားရောင်းဝယ်ရေးလုပ်ငန်းတွင် ၉.၉% နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ၇.၇% တို့ဖြင့် သိသာစွာ ခြားနားခြင်းဖြင့် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၅.၄) စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိ ပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| စီးပွားရေးကဏ္ဍ အလိုက်ပျံ့နှံ့မှု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| လယ်ယာ၊သစ်တောနှင့် ငါးလုပ်ငန်း | ၅၀.၆ | ၅၄.၂ | ၄၅.၇ | ၁၀.၆ | ၁၁.၆ | ၉.၄ | ၆၆.၁ | ၇၀.၀ | ၆၀.၇ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၀.၉ | ၁.၃ | ၀.၄ | ၀.၇ | ၁.၀ | ၀.၂* | ၁.၁ | ၁.၅ | ၀.၅ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၀.၅ | ၈.၂ | ၁၃.၅ | ၁၇.၅ | ၁၅.၀ | ၂၀.၈ | ၇.၇ | ၅.၇ | ၁၀.၅ |
| လျှပ်စစ်၊ ဓါတ်ငွေ့စသည့် | ၀.၁ | ၀.၁ | ၀.၀* | ၀.၂ | ၀.၃* | ၀.၁ | ၀.၁* | ၀.၁* | ၀.၀* |
| ရေပေးဝေရေးနှင့် အခြား | ၀.၂ | ၀.၂ | ၀.၁* | ၀.၅ | ၀.၇* | ၀.၃* | ၀.၀* | ၀.၁* | ၀.၀* |
| ဆောက်လုပ်ရေး လုပ်ငန်း | ၄.၂ | ၆.၅ | ၁.၂ | ၇.၀ | ၁၁.၀ | ၁.၉* | ၃.၂ | ၄.၈ | ၀.၉ |
| လက်လီနှင့်လက်ကား ရောင်းဝယ်ရေးလုပ်ငန်း | ၁၅.၇ | ၁၀.၈ | ၂၂.၃ | ၃၀.၅ | ၂၃.၉ | ၃၈.၉ | ၉.၉ | ၆. | ၁၅.၅ |
| သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်း | ၄.၆ | ၇.၇ | ၀.၄ | ၉.၈ | ၁၆.၅ | ၀.၉ | ၂.၇ | ၄.၄ | ၀.၂* |
| တည်းခိုခန်းနှင့်အစား အသောက်ဝန်ဆောင်မှု | ၁.၆ | ၁.၁ | ၂.၄ | ၃.၀ | ၂.၃ | ၃.၉ | ၁.၁ | ၀.၇ | ၁.၆ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၀.၂ | ၀.၃ | ၀.၂ | ၀.၈ | ၀.၇ | ၀.၅* | ၀.၁ | ၀.၁* | ၀.၁* |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်း | ၀.၄ | ၀.၃ | ၀.၇ | ၁.၂ | ၀.၇ | ၁.၇ | ၀.၁* | ၀.၁* | ၀.၂* |
| အိမ်ခြံမြေဆိုင်ရာ လုပ်ငန်းများ | ၀.၂ | ၀.၂ | ၀.၁* | ၀.၅ | ၀.၆* | ၀.၄* | ၀.၀* | ၀.၁* | ၀.၀* |
| အတတ်ပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်း | ၀.၃ | ၀.၃ | ၀.၃ | ၀.၅ | ၀.၅ | ၀.၆ | ၀.၂ | ၀.၂* | ၀.၂* |
| စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများ | ၁.၄ | ၁.၇ | ၁.၀ | ၃.၈ | ၄.၇ | ၂.၇ | ၀.၄ | ၀.၆ | ၀.၃* |
| ပြည်သူ့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး | ၀.၆ | ၀.၇ | ၀.၄ | ၁.၃ | ၁.၆ | ၁.၀ | ၀.၃ | ၀.၄ | ၀.၂* |
| ပညာရေး | ၂.၉ | ၁.၁ | ၅.၃ | ၄.၉ | ၁.၉ | ၈.၉ | ၂.၁ | ၀.၉ | ၃.၇ |
| ကျန်းမာရေးနှင့်လူမှုရေး လုပ်ငန်းများ | ၀.၇ | ၀.၃ | ၁.၀ | ၁.၅ | ၁.၀ | ၂.၂ | ၀.၃ | ၀.၁* | ၀.၅ |

| စီးပွားရေးကဏ္ဍ အလိုက်ပျံ့နှံ့မှု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ပန်းချီ၊အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေး | ၀.၁ | ၀.၂ | ၀.၁* | ၀.၄ | ၀.၅* | ၀.၃* | ၀.၀* | ၀.၀* | ၀.၀* |
| အခြားဝန်ဆောင်မှု လုပ်ငန်းများ | ၄.၇ | ၄.၇ | ၄.၆ | ၄.၉ | ၅.၂ | ၄.၇ | ၄.၅ | ၄.၅ | ၄.၆ |
| အိမ်မှုကိစ္စဆိုင်ရာ အိမ်ထောင်စုလုပ်ငန်း | ၀.၁ | ၀.၁* | ၀.၂* | ၀.၃ | ၀.၂* | ၀.၄* | ၀.၁* | ၀.၁* | ၀.၁* |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ | ၀.၀* | ၀.၀* | ၀.၁* | ၀.၁* | ၀.၁* | ၀.၂* | ၀.၀* | ၀.၀* | - |
| **စုစုပေါင်း (၁၅+)** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** |
| **အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိဦးရေ (သန်းပေါင်း)** | **၂၁.၉၄** | **၁၂.၆၉** | **၉.၂၅** | **၆.၁၂** | **၃.၄၃** | **၂.၆၉** | **၁၅.၈၂** | **၉.၂၆** | **၆.၅၆** |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်းမြင့်မားနိုင်ပါသည်။*

*“ - “ နမူနာဦးရေ ပါဝင်ခဲ့ခြင်းမရှိပါ။*

## ၅.၃ အလုပ်အကိုင်အလိုက် အလုပ်လက်ရှိဦးရေ

ဇယား ၅.၅ တွင် အလုပ်အကိုင်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိများ၏ ပျံ့နှံ့မှုအခြေအနေကို ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြထားပါသည်။

အလုပ်လုပ်ကိုင်နေသူအများစုသည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင် လုပ်သားများ ၃၇.၄% အဖြစ်လည်းကောင်း၊ အခြေခံအလုပ်အကိုင်များ ၂၂.၃% တွင်လည်းကောင်း၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ ၁၇.၀% အဖြစ်လည်းကောင်း အများဆုံး ဝင်ရောက်လုပ်ကိုင် နေကြရသည်ကို တွေ့ရှိရပြီး ကျား၊ မ နှိုင်းယှဉ်ကြည့်ပါကလည်း အဆိုပါ လုပ်သားများအဖြစ် အများဆုံး ဝင်ရောက်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ကြည့်ပါက မြို့ပြဒေသများရှိ အလုပ်လုပ်ကိုင်နေသူများသည် ဝန်ဆောင် မှုနှင့် အရောင်းလုပ်သားများ ၃၃.၅% နှင့် လက်မှုပညာနှင့် ဆက်စပ်လုပ်သားများ ၁၈.၁% အဖြစ် အများဆုံး ဝင်ရောက်လုပ်ကိုင်နေသည်ကို တွေ့ရှိရပြီး ကျေးလက်ဒေသများရှိ အလုပ်လုပ်ကိုင်နေသူများ အနေဖြင့် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများ ၄၈.၄% နှင့် အခြေခံအလုပ် အကိုင်များ ၂၅.၉% တွင် အများဆုံးလုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၅.၅) အလုပ်အကိုင်အလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| အလုပ်အကိုင် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၀.၁ | ၀.၂ | ၀.၀* | ၀.၂* | ၀.၄* | ၀.၀* | ၀.၁* | ၀.၁* | ၀.၀* |
| မန်နေဂျာများ | ၀.၆ | ၀.၇ | ၀.၅ | ၁.၉ | ၂.၁ | ၁.၆ | ၀.၁* | ၀.၁* | ၀.၁* |
| အသက်မွေးဝမ်းကျောင်းပညာရှင်များ | ၃.၂ | ၁.၄ | ၅.၆ | ၅.၉ | ၂.၈ | ၉.၉ | ၂.၁ | ၀.၉ | ၃.၉ |
| နည်းပညာနှင့်ကျွမ်းကျင်ပညာရှင်များ | ၁.၅ | ၁.၇ | ၁.၂ | ၃.၉ | ၄.၆ | ၂.၉ | ၀.၆ | ၀.၆ | ၀.၅ |
| စာရေးလုပ်ငန်း အထောက်အကူပြု လုပ်သားများ | ၁.၉ | ၁.၄ | ၂.၆ | ၄.၈ | ၃.၄ | ၆.၆ | ၀.၇ | ၀.၆ | ၀.၉ |

| အလုပ်အကိုင် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ဝန်ဆောင်မှုနှင့် အရောင်း လုပ်သားများ | ၁၇.၀ | ၁၁.၇ | ၂၄.၃ | ၃၃.၅ | ၂၅.၄ | ၄၃.၈ | ၁၀.၆ | ၆.၆ | ၁၆.၃ |
| လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၃၇.၄ | ၄၀.၄ | ၃၃.၂ | ၉.၀ | ၉.၇ | ၈.၀ | ၄၈.၄ | ၅၁.၉ | ၄၃.၆ |
| လက်မှုပညာနှင့် ဆက်စပ် လုပ်သားများ | ၁၀.၇ | ၁၁.၀ | ၁၀.၃ | ၁၈.၁ | ၂၀.၆ | ၁၄.၉ | ၇.၈ | ၇.၄ | ၈.၄ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ်အသုံးပြုသူများ၊ စုစည်း တပ်ဆင်သူများ | ၅.၃ | ၈.၁ | ၁.၃ | ၉.၆ | ၁၅.၉ | ၁.၆ | ၃.၆ | ၅.၃ | ၁.၂ |
| အခြေခံအလုပ်အကိုင်များ | ၂၂.၃ | ၂၃.၄ | ၂၀.၉ | ၁၃.၁ | ၁၅.၁ | ၁၀.၇ | ၂၅.၉ | ၂၆.၄ | ၂၅.၂ |
| **စုစုပေါင်း (၁၅+)** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** |
| **အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိဦးရေ (သန်းပေါင်း)** | **၂၀.၉၄** | **၁၂.၆၉** | **၉.၂၅** | **၆.၁၂** | **၃.၄၃** | **၂.၆၉** | **၁၅.၈၂** | **၉.၂၆** | **၆.၅၆** |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်းမြင့်မားနိုင်ပါသည်။*

**ပုံ (၅.၂) အလုပ်အကိုင်အလိုက် အလုပ်လက်ရှိပုံ့နှံမှု**



ဇယား ၅.၆ တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်သူကို ပညာရေးပြီးမြောက်မှု အဆင့်အလိုက်၊ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက် ခွဲခြားဖော်ပြထားပါသည်။

အလုပ်လုပ်ကိုင်နေသူများ၏ ပညာရေးပြီးမြောက်မှုအဆင့်ကို ကြည့်မည်ဆိုပါက အများစု (၈၀% ကျော်) သည် အခြေခံပညာ မူလတန်းအဆင့်နှင့် အောက်သာ ပြီးမြောက်ထားသူများဖြစ်ကြောင်း တွေ့ရှိရပြီး ကျား၊ မအကြား သိသာသည့် ကွာခြားမှုအနေဖြင့် အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်ထားသူ အမျိုးသားများ၏ ပါဝင်မှု ၆.၆% သည် အမျိုးသမီးများ ၁၂.၄% ထက် ထက်ဝက်ခန့် လျော့နည်းသည်ကိုတွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်အကြား နှိုင်းယှဉ်ကြည့်ပါက မြို့ပြဒေသများရှိ အလုပ်လုပ်ကိုင်သူအများစု၏ ပညာရေးပြီးမြောက်မှုအဆင့်သည် အလယ်တန်းအဆင့်နှင့်အထက် ပြီးမြောက်ထားသူ ၃၅% ခန့်ရှိသည်ကို တွေ့ရှိရပြီး ကျေးလက်ဒေသများရှိ အလုပ်လုပ်ကိုင်သူများတွင် အလယ်တန်းအဆင့်နှင့်အထက် ပြီးမြောက်ထားသူ ၁၁% သာရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၅.၆) ပညာရေးပြီးမြောက်မှုအဆင့်အလိုက် အလုပ်လက်ရှိပုံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| ပညာရေးအဆင့် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| မူလတန်းအောက် | ၂၁.၆ | ၂၁.၆ | ၂၁.၆ | ၁၃.၃ | ၁၃.၁ | ၁၃.၇ | ၂၄.၈ | ၂၄.၉ | ၂၄.၈ |
| မူလတန်း | ၆၀.၉ | ၆၂.၈ | ၅၈.၃ | ၅၂.၆ | ၅၅.၉ | ၄၈.၃ | ၆၄.၁ | ၆၅.၃ | ၆၂.၄ |
| အလယ်တန်း | ၈.၅ | ၉.၀ | ၇.၇ | ၁၃.၈ | ၁၅.၅ | ၁၁.၆ | ၆.၄ | ၆.၆ | ၆.၁ |
| အထက်တန်း | ၉.၀ | ၆.၆ | ၁၂.၄ | ၂၀.၃ | ၁၅.၅ | ၂၆.၄ | ၄.၇ | ၃.၂ | ၆.၇ |
| စုစုပေါင်း | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိဦးရေ (သန်းပေါင်း) | ၂၁.၉၄ | ၁၂.၆၉ | ၉.၂၅ | ၆.၁၂ | ၃.၄၃ | ၂.၆၉ | ၁၅.၈၂ | ၉.၂၆ | ၆.၅၆ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ပုံ (၅.၃) ပညာရေးပြီးမြောက်မှုအဆင့်အလိုက် အလုပ်လက်ရှိ ပုံ့နှံ့မှုရာခိုင်နှုန်း



ဇယား ၅.၇ တွင် သမရိုးကျမဟုတ်သည့် အလုပ်လုပ်ကိုင်သူ ရာခိုင်နှုန်းကို အသက်အုပ်စု၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြထားပါသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများ၏ ၈၂.၄% သည် သမရိုးကျမဟုတ်သည့် အလုပ်အကိုင်တွင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပြီး အသက် ၁၅-၂၄ နှစ်အကြား အလုပ်လုပ်ကိုင်နေသော လူငယ်များ၏ ၇၉.၂% ၊ အသက် ၂၅ နှစ်နှင့်အထက်ရှိသူများ၏ ၉၆.၁% တို့သည် သမရိုးကျမဟုတ်သည့် အလုပ်အကိုင်များကို လုပ်ကိုင်နေကြောင်း၊ အသက်အုပ်စု ၁၅-၁၉ လူငယ်တို့သည့် သမရိုးကျမဟုတ်သည့် အလုပ်အကိုင် ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၅.၇) အသက်အုပ်စုအလိုက် သမရိုးကျမဟုတ်သောအလုပ်အကိုင် လုပ်ကိုင်သူတို့၏ပျံ့နှံ့မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| အသက်အုပ်စု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ၁၅-၁၉ | ၉၈.၃ | ၉၈.၆ | ၉၈.၁ | ၉၆.၈ | ၉၆.၃ | ၉၇.၃ | ၉၈.၈ | ၉၉.၁ | ၉၈.၃ |
| ၂၀-၂၄ | ၉၅.၀ | ၉၃.၈ | ၉၆.၃ | ၉၂.၂ | ၈၉.၁ | ၉၅.၃ | ၉၅.၉ | ၉၅.၃ | ၉၆.၇ |
| ၂၅-၂၉ | ၉၀.၅ | ၈၈.၄ | ၉၃.၁ | ၈၇.၁ | ၈၆.၃ | ၈၈.၁ | ၉၁.၉ | ၈၉.၂ | ၉၅.၁ |
| ၃၀-၃၄ | ၈၆.၇ | ၈၂.၁ | ၉၂.၆ | ၈၂.၁ | ၇၉.၁ | ၈၅.၇ | ၈၈.၆ | ၈၃.၃ | ၉၅.၄ |
| ၃၅-၃၉ | ၈၀.၄ | ၇၃.၄ | ၉၀.၂ | ၇၅.၆ | ၇၀.၈ | ၈၂.၅ | ၈၂.၃ | ၇၄.၅ | ၉၃.၂ |
| ၄၀-၄၄ | ၇၇.၉ | ၇၀.၉ | ၈၇.၄ | ၇၃.၇ | ၇၀.၂ | ၇၈.၁ | ၇၉.၇ | ၇၁.၁ | ၉၁.၈ |
| ၄၅-၄၉ | ၇၃.၇ | ၆၅.၃ | ၈၅.၉ | ၇၀.၄ | ၆၅.၄ | ၇၇.၀ | ၇၅.၂ | ၆၅.၃ | ၉၀.၁ |
| ၅၀-၅၄ | ၇၀.၂ | ၆၂.၃ | ၈၂.၄ | ၆၇.၆ | ၆၃.၇ | ၇၂.၉ | ၇၁.၂ | ၆၁.၈ | ၈၆.၈ |
| ၅၅-၅၉ | ၇၀.၀ | ၆၂.၉ | ၈၂.၂ | ၆၈.၀ | ၆၃.၅ | ၇၄.၇ | ၇၀.၈ | ၆၂.၇ | ၈၅.၅ |
| ၆၀-၆၄ | ၆၆.၆ | ၅၉.၃ | ၈၂.၃ | ၇၁.၇ | ၆၉.၇ | ၇၄.၈ | ၆၄.၇ | ၅၅.၉ | ၈၆.၀ |
| ၆၅+ | ၆၀.၁ | ၅၂.၇ | ၇၅.၉ | ၆၄.၈ | ၅၉.၅ | ၇၅.၀ | ၅၈.၄ | ၅၀.၄ | ၇၆.၂ |
| လူငယ်(၁၅-၂၄) | ၇၉.၂ | ၇၂.၆ | ၈၈.၅ | ၇၅.၉ | ၇၂.၂ | ၈၀.၈ | ၈၀.၅ | ၇၂.၇ | ၉၁.၈ |
| လူကြီး(၂၅+) | ၉၆.၁ | ၉၅.၅ | ၉၆.၉ | ၉၃.၅ | ၉၁.၃ | ၉၅.၉ | ၉၆.၉ | ၉၆.၆ | ၉၇.၂ |
| **စုစုပေါင်း(၁၅+)** | **၈၂.၄** | **၇၆.၈** | **၉၀.၂** | **၇၈.၈** | **၇၅.၁** | **၈၃.၅** | **၈၃.၈** | **၇၇.၄** | **၉၂.၉** |

*ဓာတ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ဇယား ၅.၈ တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများတွင် သမရိုးကျမဟုတ်သည့် အလုပ်အကိုင်ပါဝင်မှုနှုန်းကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြထားပါသည်။

ပြည်ထောင်စုအဆင့် သမရိုးကျမဟုတ်သည့် အလုပ်အကိုင်ပါဝင်မှုနှုန်း ၈၂.၄%၊ အမျိုးသမီးများ၏ သမရိုးကျမဟုတ်သည့် အလုပ်အကိုင်ပါဝင်မှုနှုန်း ၉၀.၂%၊ အမျိုးသားများ၏ သမရိုးကျမဟုတ်သည့် အလုပ်အကိုင်ပါဝင်မှုနှုန်း ၇၆.၈%၊ မြို့ပြတွင် သမရိုးကျ မဟုတ်သည့် အလုပ်အကိုင်ပါဝင်မှုနှုန်း ၇၈.၈%၊ ကျေးလက်တွင် သမရိုးကျမဟုတ်သည့် အလုပ်အကိုင်ပါဝင်မှု နှုန်း ၈၃.၈% ဖြစ်သည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြည့်မည်ဆိုပါက သမရိုးကျမဟုတ်သည့် အလုပ်အကိုင်ပါဝင်မှုနှုန်းတွင် ချင်းပြည်နယ်သည် ၉၃.၈% ဖြင့် အများဆုံးဖြစ်ပြီး၊ ရှမ်းပြည်နယ်သည် ၉၂.၄% ဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် ၇၆.၅% ဖြင့် အနည်းဆုံးဖြစ်ပြီး၊ ကချင်ပြည်နယ်သည် ၇၆.၈% ဖြင့် ဒုတိယအနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား (၅.၈) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်သူတွင် သမရိုးကျမဟုတ်သောအလုပ် လုပ်ကိုင်သူ ပါဝင်မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၇၆.၈ | ၇၂.၀ | ၈၅.၃ | ၇၄.၄ | ၇၁.၈ | ၇၈.၉ | ၇၈.၃ | ၇၂.၂ | ၈၉.၄ |
| ကယား | ၇၇.၈ | ၇၃.၆ | ၈၃.၅ | ၇၁.၆ | ၇၁.၁ | ၇၂.၁ | ၇၉.၉ | ၇၄.၄ | ၈၇.၅ |
| ကရင် | ၈၀.၀ | ၇၇.၄ | ၈၄.၂ | ၇၃.၈ | ၇၂.၇ | ၇၅.၇ | ၈၁.၉ | ၇၈.၉ | ၈၇.၀ |
| ချင်း | ၉၃.၈ | ၉၄.၂ | ၉၃.၅ | ၈၃.၉ | ၈၇.၃ | ၈၀.၄ | ၉၇.၈ | ၉၆.၈ | ၉၉.၀ |
| စစ်ကိုင်း | ၇၆.၅ | ၆၆.၇ | ၈၈.၆ | ၇၆.၆ | ၇၁.၁ | ၈၃.၂ | ၇၆.၄ | ၆၅.၉ | ၈၉.၇ |
| တနင်္သာရီ | ၈၆.၈ | ၈၃.၇ | ၉၁.၉ | ၈၃.၄ | ၈၀.၈ | ၈၆.၉ | ၈၈.၀ | ၈၄.၆ | ၉၄.၀ |
| ပဲခူး | ၇၆.၉ | ၆၈.၁ | ၈၉.၅ | ၇၉.၀ | ၇၆.၄ | ၈၁.၈ | ၇၆.၃ | ၆၆.၁ | ၉၂.၁ |
| မကွေး | ၇၈.၀ | ၆၈.၈ | ၈၈.၂ | ၇၂.၅ | ၆၈.၃ | ၇၆.၉ | ၇၈.၉ | ၆၈.၉ | ၉၀.၁ |
| မန္တလေး | ၉၁.၁ | ၈၇.၆ | ၉၅.၄ | ၈၉.၁ | ၈၇.၉ | ၉၀.၇ | ၉၂.၀ | ၈၇.၄ | ၉၇.၅ |
| မွန် | ၈၄.၆ | ၇၈.၇ | ၉၂.၉ | ၇၉.၂ | ၇၃.၁ | ၈၇.၇ | ၈၆.၅ | ၈၀.၇ | ၉၄.၈ |
| ရခိုင် | ၈၁.၀ | ၇၃.၇ | ၉၂.၃ | ၇၈.၁ | ၇၀.၀ | ၈၇.၃ | ၈၁.၅ | ၇၄.၃ | ၉၃.၄ |
| ရန်ကုန် | ၇၇.၃ | ၇၃.၂ | ၈၂.၉ | ၇၄.၇ | ၇၀.၉ | ၇၉.၈ | ၈၂.၆ | ၇၇.၈ | ၈၉.၄ |
| ရှမ်း | ၉၂.၄ | ၉၀.၅ | ၉၄.၇ | ၈၂.၇ | ၇၈.၂ | ၈၇.၉ | ၉၅.၇ | ၉၄.၆ | ၉၇.၀ |
| ဧရာဝတီ | ၈၂.၀ | ၇၇.၂ | ၉၁.၉ | ၇၅.၃ | ၆၉.၇ | ၈၄.၄ | ၈၃.၁ | ၇၈.၄ | ၉၃.၅ |
| နေပြည်တော် | ၉၀.၁ | ၈၉.၂ | ၉၁.၂ | ၈၇.၆ | ၈၆.၅ | ၈၈.၉ | ၉၁.၂ | ၉၀.၃ | ၉၂.၁ |
| **စုစုပေါင်း** | **၈၂.၄** | **၇၆.၈** | **၉၀.၂** | **၇၈.၈** | **၇၅.၁** | **၈၃.၅** | **၈၃.၈** | **၇၇.၄** | **၉၂.၉** |

*ဓာတ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

## အခန်း(၆)

## လုပ်ခလစာနှင့် အလုပ်အကိုင်အခြေအနေ

ဤအခန်းတွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများ၏ လုပ်ခလစာနှင့် အလုပ်အကိုင်အခြေအနေကို တစ်ပတ်ဝင်ငွေ၊ စာချုပ်ချုပ်ဆိုမှုပုံစံ၊ အလုပ်ချိန်နာရီ၊ ပိုလျှံအလုပ်ချိန်တို့ဖြင့် ဖော်ပြထားပါသည်။

### ၆.၁ တစ်ပတ်ဝင်ငွေရရှိမှု

ဇယား ၆.၁ တွင် လုပ်ခလစာရအလုပ်သမားတို့၏ တစ်ပတ်ဝင်ငွေရရှိမှုကို ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက်ဖော်ပြထားပါသည်။

အသက် ၁၅ နှစ်နှင့်အထက် လုပ်ခလစာရ အလုပ်သမားများ၏ တစ်ပတ်ပျမ်းမျှဝင်ငွေရရှိမှုသည် ပြည်ထောင်စုအဆင့်တွင် ၄၃,၀၀၀ ကျပ်ခန့်၊ အမျိုးသား ၄၅,၀၀၀ ကျပ်နှင့် အမျိုးသမီး ၄၀,၀၀၀ ကျပ်၊ မြို့ပြတွင် ၅၉,၀၀၀ ကျပ်နှင့် ကျေးလက်တွင် ၃၄,၀၀၀ ကျပ်ရရှိသည်ကို တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြား လူငယ်များ၏ တစ်ပတ်လုပ်ခသည် ပြည်ထောင်စုအဆင့်တွင် ၃၈,၀၀၀ ကျပ်ခန့်ဖြစ်ပြီး၊ မြို့ပြတွင် ၄၄,၀၀၀ ကျပ်ခန့်၊ ကျေးလက်တွင် ၃၅,၀၀၀ ကျပ်ရရှိသည်ကို တွေ့ရှိရပါသည်။

အသက် ၂၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများ၏ တစ်ပတ်လုပ်ခသည် ပြည်ထောင်စုအဆင့်တွင် ၄၅,၀၀၀ ကျပ်ခန့်၊ အမျိုးသားများသည် အမျိုးသမီးများထက် အနည်းငယ်ပိုမိုရရှိပြီး၊ မြို့ပြတွင် ၆၄,၀၀၀ ကျပ်၊ ကျေးလက်တွင် ၃၄,၀၀၀ ကျပ်ခန့်ရရှိ၍ မြို့ပြသည် ကျေးလက်ထက် ထက်ဝက်ခန့် ပိုမိုရရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၆.၁) လုပ်ခလစာရ အလုပ်သမားတို့၏ တစ်ပတ်ဝင်ငွေရရှိမှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| တစ်ပတ်ဝင်ငွေရရှိမှု (ကျပ်ထောင်ပေါင်း) | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| < ၁၀ | ၃.၇ | ၂.၅ | ၅.၅ | ၁.၈ | ၁.၆ | ၂.၀ | ၄.၈ | ၃.၀ | ၇.၃ |
| ၁၀ - ၅၉ | ၈၆.၁ | ၈၅.၃ | ၈၇.၃ | ၇၇.၈ | ၇၅.၁ | ၈၁.၇ | ၉၀.၆ | ၉၀.၇ | ၉၀.၄ |
| ၆၀ - ၁၀၉ | ၇.၉ | ၉.၇ | ၅.၃ | ၁၅.၇ | ၁၈.၂ | ၁၂.၃ | ၃.၆ | ၅.၁ | ၁.၆ |
| ၁၁၀ - ၁၅၉ | ၀.၉ | ၁.၀ | ၀.၆* | ၁.၈ | ၁.၉ | ၁.၆* | ၀.၄* | ၀.၆* | ၀.၁* |
| ၁၆၀+ | ၁.၄ | ၁.၅ | ၁.၃ | ၂.၉ | ၃.၂ | ၂.၄ | ၀.၆ | ၀.၆* | ၀.၆* |
| **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** |
| **တစ်ပတ်ပျမ်းမျှလုပ်ခဝင်ငွေ (ကျပ်ထောင်ပေါင်း)** | | | | | | | | | |
| တစ်ပတ်ပျမ်းမျှဝင်ငွေ | ၄၂.၉ | ၄၅.၀ | ၄၀.၀ | ၅၉.၃ | ၆၁.၁ | ၅၆.၉ | ၃၄.၁ | ၃၆.၃ | ၃၁.၁ |
| **အသက်အလိုက်** | | | | | | | | | |
| ၁၅-၂၄ | ၃၇.၈ | ၃၇.၉ | ၃၇.၆ | ၄၃.၅ | ၄၂.၃ | ၄၄.၇ | ၃၅.၁ | ၃၅.၉ | ၃၄.၁ |
| ၂၅+ | ၄၄.၇ | ၄၇.၃ | ၄၁.၀ | ၆၄.၃ | ၆၆.၀ | ၆၁.၇ | ၃၃.၇ | ၃၆.၄ | ၂၉.၈ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်းမြင့်မားနိုင်ပါသည်။*

ဇယား ၆.၂ တွင် လုပ်ခလစာရအလုပ်သမားတို့၏ တစ်လပျမ်းမျှ လုပ်ခဝင်ငွေရရှိမှုပုံစံကို ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြထားပါသည်။ တစ်လပျမ်းမျှ လုပ်ခဝင်ငွေရရှိမှုသည် ပြည်ထောင်စု အဆင့်တွင် ၁၇၂,၀၀၀ ကျပ်ခန့်ဖြစ်ပြီး၊ အမျိုးသားများသည် ၁၈၀,၀၀၀ ကျပ်၊ အမျိုးသမီးများသည် ၁၆၀,၀၀၀ ကျပ်ရရှိသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသများတွင် ၂၃၇,၀၀၀ ကျပ်နှင့် ကျေးလက်ဒေသများတွင် ၁၃၆,၀၀၀ ကျပ်ရရှိသည်ကို တွေ့ရှိရသည့်အတွက် မြို့ပြနှင့် ကျေးလက်ဝင်ငွေရရှိမှု ကွာဟချက်သည် ၁၀၀,၀၀၀ ကျပ်ခန့် ဖြစ်သည်ကို တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြား လုပ်ခလစာရလူငယ်များ၏ တစ်လပျမ်းမျှလုပ်ခသည် ပြည်ထောင်စုအဆင့် ၁၅၁,၀၀၀ ကျပ်ဖြစ်ပြီး၊ ကျား၊ မ ဝင်ငွေပမာဏ ကွာဟမှုမရှိကြောင်း၊ မြို့ပြဒေသများ တွင် ၁၇၄,၀၀၀ ကျပ်ခန့်၊ ကျေးလက်ဒေသများတွင် ၁၄၀,၀၀၀ ကျပ်ရရှိကြောင်း တွေ့ရှိရပါသည်။

အသက် ၂၅ နှစ်နှင့်အထက် လုပ်ခလစာရအရွယ်ရောက်ပြီးသူများ၏ တစ်လပျမ်းမျှလုပ်ခသည် ၁၇၉,၀၀၀ ကျပ်၊ အမျိုးသားများသည် ၁၈၉,၀၀၀ ကျပ်၊ အမျိုးသမီးများသည် ၁၆၄,၀၀၀ ကျပ်ရရှိသည်ကို တွေ့ရှိရသည့်အတွက် အမျိုးသားများ၏ တစ်လဝင်ငွေသည် အမျိုးသမီးများထက် အနည်းငယ် ပိုမိုရရှိသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသများတွင် ၂၅၇,၀၀၀ ကျပ်၊ ကျေးလက်ဒေသများတွင် ၁၃၄,၀၀၀ ကျပ် ရရှိသည်ကို တွေ့ရှိရသဖြင့် မြို့ပြနှင့် ကျေးလက်ဝင်ငွေရရှိမှုသည် ၁၂၃,၀၀၀ ကျပ် ကွာခြားသည်ကို တွေ့ရှိရပါသည်။

**ဇယား (၆.၂) လုပ်ခလစာရ အလုပ်သမားတို့၏ တစ်လဝင်ငွေရရှိမှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| တစ်လဝင်ငွေ ရရှိမှု (ကျပ်ထောင်ပေါင်း) | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| < ၁၀၀ | ၃၂.၆ | ၂၆.၁ | ၄၁.၀ | ၁၅.၃ | ၁၁.၈ | ၂၀.၀ | ၄၁.၇ | ၃၄.၀ | ၅၂.၁ |
| ၁၀၀ - ၁၄၉ | ၂၅.၃ | ၂၈.၂ | ၂၁.၄ | ၂၀.၅ | ၂၂.၄ | ၁၇.၉ | ၂၇.၉ | ၃၁.၃ | ၂၃.၂ |
| ၁၅၀ - ၁၉၉ | ၂၅.၁ | ၂၄.၇ | ၂၅.၇ | ၃၂.၉ | ၂၉.၁ | ၃၈.၂ | ၂၁.၀ | ၂၂.၃ | ၁၉.၁ |
| ၂၀၀ - ၂၄၉ | ၈.၀ | ၁၀.၂ | ၅.၁ | ၁၂.၅ | ၁၅.၆ | ၈.၂ | ၅.၆ | ၇.၂ | ၃.၅ |
| ၂၅၀ - ၂၉၉ | ၃.၂ | ၃.၇ | ၂.၆ | ၆.၈ | ၇.၂ | ၆.၃ | ၁.၃ | ၁.၉ | ၀.၆* |
| ၃၀၀ - ၃၄၉ | ၂.၃ | ၃.၀ | ၁.၅ | ၄.၈ | ၅.၉ | ၃.၃ | ၁.၀ | ၁.၄ | ၀.၅* |
| ၃၅၀ - ၃၉၉ | ၀.၇ | ၀.၉ | ၀.၅ | ၁.၅ | ၁.၇ | ၁.၂* | ၀.၃ | ၀.၄* | ၀.၁* |
| ၄၀၀+ | ၂.၈ | ၃.၂ | ၂.၂ | ၅.၇ | ၆.၃ | ၄.၉ | ၁.၂ | ၁.၅ | ၀.၉* |
| **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** |
| **တစ်လပျမ်းမျှလဝင်ငွေ (ကျပ်ထောင်ပေါင်း)** | | | | | | | | | |
| တစ်လပျမ်းမျှ ဝင်ငွေ | ၁၇၁.၆ | ၁၈၀.၀ | ၁၆၀.၂ | ၂၃၇.၂ | ၂၄၄.၂ | ၂၂၇.၆ | ၁၃၆.၂ | ၁၄၅.၁ | ၁၂၄.၃ |
| **အသက်အလိုက်** | | | | | | | | | |
| ၁၅-၂၄ | ၁၅၁.၁ | ၁၅၁.၅ | ၁၅၀.၆ | ၁၇၃.၉ | ၁၆၉.၃ | ၁၇၈.၇ | ၁၄၀.၃ | ၁၄၃.၈ | ၁၃၆.၃ |
| ၂၅+ | ၁၇၈.၉ | ၁၈၉.၀ | ၁၆၄.၁ | ၂၅၇.၂ | ၂၆၄.၀ | ၂၄၆.၉ | ၁၃၄.၇ | ၁၄၅.၆ | ၁၁၉.၃ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်းမြင့်မားနိုင်ပါသည်။*

ပုံ (၆.၁) လုပ်ခလစာရ အလုပ်သမားတို့၏ တစ်လဝင်ငွေရရှိမှု




| | < ၁၀၀ | ၁၀၀ - ၁၄၉ | ၁၅၀ - ၁၉၉ | ၂၀၀ - ၂၄၉ | ၂၅၀ - ၂၉၉ | ၃၀၀ - ၃၄၉ | ၃၅၀ - ၃၉၉ | ၄၀၀+ |
|---|---|---|---|---|---|---|---|---|
| ကျား | ၂၆.၂ | ၂၈.၂ | ၂၄.၇ | ၁၀.၂ | ၃.၇ | ၃ | ၀.၉ | ၃.၂ |
| မ | ၄၁ | ၂၁.၄ | ၂၅.၇ | ၅.၁ | ၂.၆ | ၁.၅ | ၀.၅ | ၂.၂ |

ကျား မ

ဇယား ၆.၃ တွင် အလုပ်လုပ်ကိုင်နေသူအားလုံး၏ တစ်လလုပ်ခ ၊ ဝင်ငွေရရှိမှုကို လုပ်ငန်းကဏ္ဍ၊ အလုပ်အကိုင်အခြေအနေ၊ သမရိုးကျမဟုတ်သောလုပ်ငန်းကဏ္ဍအလိုက် ဖော်ပြထားပါသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူအားလုံး၏ ပျမ်းမျှတစ်လ လုပ်ခ၊ ဝင်ငွေ ရရှိမှုသည် ပြည်ထောင်စုအဆင့်အနေဖြင့် ၂၀၀,၀၀၀ ကျပ်ခန့်ဖြစ်ပြီး၊ အမျိုးသားများ၏ ပျမ်းမျှ လုပ်ခ၊ ဝင်ငွေသည် ၂၁၈,၀၀၀ ကျပ်၊ အမျိုးသမီးများ၏ ပျမ်းမျှ လုပ်ခ၊ ဝင်ငွေသည် ၁၆၆,၀၀၀ ကျပ်ဖြစ်ရာ အမျိုးသားများ၏ လုပ်ခ၊ ဝင်ငွေရရှိမှုသည် အမျိုးသမီးများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသများရှိ အလုပ်လုပ်ကိုင်သူအားလုံး၏ ပျမ်းမျှ လုပ်ခ၊ ဝင်ငွေရရှိမှုသည် ၂၃၄,၀၀၀ ကျပ်၊ ကျေးလက်ဒေသများရှိ အလုပ်လုပ်ကိုင်သူအားလုံး၏ ပျမ်းမျှ လုပ်ခ၊ ဝင်ငွေရရှိမှုသည် ၁၈၄,၀၀၀ ကျပ် ဖြစ်ရာ မြို့ပြဒေသသည် ကျေးလက်ဒေသထက် ဝင်ငွေရရှိမှု မြင့်မားကြောင်း တွေ့ရှိရပါသည်။

အသက် ၂၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူအားလုံး၏ တစ်လပျမ်းမျှလုပ်ခ၊ ဝင်ငွေရရှိမှုသည် ပြည်ထောင်စုအဆင့်တွင် ၂၀၉,၀၀၀ ကျပ်ခန့်ဖြစ်ပြီး အမျိုးသားများ၏ တစ်လ ပျမ်းမျှ လုပ်ခ၊ ဝင်ငွေရရှိမှုသည် ၂၂၈,၀၀၀ ကျပ်ခန့်၊ အမျိုးသမီးများသည် ၁၇၁,၀၀၀ ကျပ်ခန့်ရရှိသဖြင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်ခ၊ ဝင်ငွေ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသများတွင် တစ်လပျမ်းမျှ လုပ်ခ၊ ဝင်ငွေရရှိမှုမှာ ၂၄၅,၀၀၀ ကျပ်၊ ကျေးလက်ဒေသများ တွင် ၁၉၂,၀၀၀ ကျပ်ခန့်ဖြစ်ရာ မြို့ပြဒေသများတွင် ကျေးလက်ဒေသများထက် လုပ်ခ၊ ဝင်ငွေ ပိုမိုမြင့်မား သည်ကို တွေ့ရှိရပါသည်။

ဇယား (၆.၃) အလုပ်လုပ်ကိုင်နေသူအားလုံး၏ တစ်လ လုပ်ခ၊ ဝင်ငွေရရှိမှု (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)

| တစ်လလုပ်ခ ဝင်ငွေ (ကျပ်ထောင် ပေါင်း) | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| တစ်လပျမ်းမျှ လုပ်ခဝင်ငွေ | ၁၉၉.၇ | ၂၁၈.၃ | ၁၆၆.၄ | ၂၃၄.၀ | ၂၄၉.၀ | ၂၁၁.၄ | ၁၈၄.၀ | ၂၀၅.၅ | ၁၄၂.၁ |
| အသက်အလိုက် | | | | | | | | | |
| ၁၅-၂၄ | ၁၅၁.၉ | ၁၅၄.၈ | ၁၄၈.၄ | ၁၇၀.၉ | ၁၆၆.၆ | ၁၇၅.၇ | ၁၄၃.၄ | ၁၄၉.၈ | ၁၃၅.၅ |
| ၂၅+ | ၂၀၈.၆ | ၂၂၇.၉ | ၁၇၀.၉ | ၂၄၅.၃ | ၂၆၁.၆ | ၂၁၉.၄ | ၁၉၁.၆ | ၂၁၃.၈ | ၁၄၃.၈ |
| စီးပွားရေးလုပ်ငန်းကဏ္ဍ | | | | | | | | | |
| လယ်ယာ | ၁၉၂.၇ | ၂၁၄.၀ | ၁၃၀.၄ | ၂၀၇.၆ | ၂၂၁.၈ | ၁၅၆.၅ | ၁၉၁.၈ | ၂၁၃.၅ | ၁၂၉.၁ |
| စက်မှု | ၂၀၀.၂ | ၂၀၉.၉ | ၁၈၄.၉ | ၂၃၀.၃ | ၂၃၇.၈ | ၂၁၈.၀ | ၁၇၅.၁ | ၁၈၆.၁ | ၁၅၈.၃ |
| ဝန်ဆောင်မှု | ၂၀၇.၂ | ၂၂၉.၅ | ၁၈၀.၄ | ၂၃၈.၇ | ၂၅၈.၇ | ၂၁၂.၁ | ၁၇၂.၃ | ၁၉၃.၈ | ၁၄၉.၃ |
| အလုပ်အကိုင်အခြေအနေ | | | | | | | | | |
| အလုပ်သမား | ၁၇၁.၆ | ၁၈၀.၀ | ၁၆၀.၂ | ၂၃၇.၂ | ၂၄၄.၂ | ၂၂၇.၆ | ၁၃၆.၂ | ၁၄၅.၁ | ၁၂၄.၃ |
| ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ | ၂၂၆.၈ | ၂၄၈.၂ | ၁၇၅.၁ | ၂၃၀.၁ | ၂၅၄.၃ | ၁၈၉.၅ | ၂၂၅.၄ | ၂၄၆.၂ | ၁၆၇.၁ |
| အလုပ်ရှင် | ၃၅၇.၉ | ၃၇၁.၈ | ၃၀၀.၉ | ၄၀၃.၉ | ၄၁၆.၀ | ၃၄၇.၂ | ၃၄၀.၀ | ၃၅၃.၉ | ၂၈၅.၃ |
| သမရိုးကျမဟုတ်သောအခြေအနေ | | | | | | | | | |
| သမရိုးကျ မဟုတ်သော ကဏ္ဍ | ၁၇၇.၉ | ၁၉၄.၄ | ၁၅၂.၅ | ၂၁၅.၈ | ၂၂၇.၈ | ၁၉၉.၀ | ၁၆၁.၁ | ၁၈၀.၄ | ၁၃၀.၁ |
| သမရိုးကျ ကဏ္ဍ | ၂၇၁.၃ | ၂၈၀.၁ | ၂၄၂.၆ | ၂၈၈.၄ | ၃၀၄.၇ | ၂၅၆.၉ | ၂၆၂.၅ | ၂၇၀.၀ | ၂၂၈.၉ |
| သမရိုးကျ မဟုတ်သော ကဏ္ဍတွင် လုပ်ကိုင်နေသူ | ၁၆၉.၄ | ၁၈၇.၇ | ၁၃၉.၅ | ၁၉၇.၁ | ၂၀၅.၇ | ၁၈၄.၅ | ၁၅၉.၀ | ၁၈၁.၄ | ၁၂၁.၁ |
| သမရိုးကျကဏ္ဍတွင် သမရိုးကျ မဟုတ်သော အလုပ်အကိုင် လုပ်ကိုင် နေသူ | ၂၀၉.၅ | ၂၁၇.၉ | ၁၉၉.၂ | ၂၅၆.၁ | ၂၈၀.၉ | ၂၂၅.၈ | ၁၇၄.၁ | ၁၇၀.၃ | ၁၇၈.၈ |
| တစ်လလုပ်ခလစာ အလယ်ကိန်း ('၀၀၀ကျပ်) | ၁၅၀.၀ | ၁၅၀.၀ | ၁၂၀.၀ | ၁၆၈.၀ | ၁၈၀.၀ | ၁၅၀.၀ | ၁၃၀.၀ | ၁၅၀.၀ | ၁၀၀.၀ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

စီးပွားရေးလုပ်ငန်းကဏ္ဍများဖြစ်သည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့၌ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူအားလုံး၏ တစ်လလုပ်ခ၊ ဝင်ငွေရရှိမှုသည် လယ်ယာကဏ္ဍတွင် ၁၉၃,၀၀၀ ကျပ်ခန့်၊ စက်မှုကဏ္ဍတွင် ၂၀၀,၀၀၀ ကျပ်နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၂၀၇,၀၀၀ ကျပ် ဖြစ်သည်ကို တွေ့ရှိရပါသည်။

အလုပ်အကိုင်အခြေအနေအလိုက် လုပ်ခ၊ ဝင်ငွေရရှိမှုကို ကြည့်မည်ဆိုပါက အလုပ်သမားသည် ၁၇၂,၀၀၀ ကျပ်ခန့်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၂၂၇,၀၀၀ ကျပ်ခန့်နှင့် အလုပ်ရှင် (ပုံမှန်အလုပ်သမားနှင့် လုပ်ကိုင်သူ) သည် ၃၅၈,၀၀၀ ကျပ်ခန့်ရရှိကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နေသူများ၏ တစ်လလုပ်ခ၊ ဝင်ငွေရရှိမှုကို လုပ်ငန်း၏ သမရိုးကျအခြေအနေအရ ကြည့်ပါက သမရိုးကျမဟုတ်သောကဏ္ဍတွင် ၁၇၈,၀၀၀ ကျပ်ခန့်ရရှိပြီး၊ သမရိုးကျလုပ်ငန်းကဏ္ဍတွင် ၂၇၁,၀၀၀ ကျပ်ရရှိကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင် နေသူအားလုံး၏ တစ်လလုပ်ခ၊ ဝင်ငွေရရှိမှုကို ၎င်းတို့အလုပ်အကိုင်၏ သမရိုးကျ အခြေအနေ အလိုက်ကြည့်ပါက သမရိုးကျ မဟုတ်သောကဏ္ဍတွင် လုပ်ကိုင်နေသူ (Person employed in the informal sector) သည် ၁၆၉,၀၀၀ ကျပ်၊ သမရိုးကျမဟုတ်သောကဏ္ဍပြင်ပရှိ လုပ်ငန်းကဏ္ဍများတွင် သမရိုးကျမဟုတ်သော အလုပ်လုပ်ကိုင်နေသူ (Informal employment outside the informal sector) သည် ၂၁၀,၀၀၀ ကျပ်ခန့်ရရှိကြောင်း တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်သူများ၏ တစ်လ လုပ်ခ၊ လစာ အလယ်ကိန်းသည် ပြည်ထောင်စုအဆင့်တွင် ၁၅၀,၀၀၀ ကျပ်ဖြစ်ပြီး၊ အမျိုးသားများ၏ တစ်လ လုပ်ခ၊ လစာ အလယ်ကိန်းမှာ ၁၅၀,၀၀၀ ကျပ်၊ အမျိုးသမီးများ၏ တစ်လ လုပ်ခ၊ လစာ အလယ်ကိန်းမှာ ၁၂၀,၀၀၀ ကျပ်၊ မြို့ပြဒေသများ တွင် ၁၆၈,၀၀၀ ကျပ် နှင့် ကျေးလက်ဒေသများတွင် ၁၃၀,၀၀၀ ကျပ် ဖြစ်သည်ကို တွေ့ရှိရပါသည်။

## ၆.၂ သဘောတူစာချုပ် ချုပ်ဆိုမှုပုံစံ

ဇယား ၆.၄ တွင် လုပ်ခလစာရ အလုပ်သမားတို့၏ စာချုပ်ချုပ်ဆိုမှုကို သဘောတူစာချုပ် အမျိုးအစား (သဘောတူစာချုပ်၊ နှုတ်ဖြင့်သဘောတူညီမှု) နှင့် သဘောတူညီချက်စာချုပ် သက်တမ်း (အမြဲတမ်း (သို့မဟုတ်) ယာယီ) တို့ဖြင့် ဖော်ပြထားပါသည်။

လစာရအလုပ်သမားများ၏ သဘောတူစာချုပ်ချုပ်ဆိုမှုပုံစံတွင် နှုတ်ဖြင့်သဘောတူညီမှုသည် ၄၉.၆% ဖြစ်ပြီး၊ သဘောတူစာချုပ်ဖြင့် ၁၇.၆% ချုပ်ဆိုထားကြောင်း၊ စာချုပ်သက်တမ်းတွင် သက်တမ်း အကန့်အသတ်/ယာယီ ၄၆.၉% နှင့် သက်တမ်းအကန့်အသတ်မရှိ/အမြဲတမ်း ၄၀.၇% ဖြင့် အနည်းငယ် ကွာဟသည်ကိုတွေ့ရပါသည်။

**ဇယား (၆.၄)လစာရအလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ စာချုပ်ချုပ်ဆိုမှုပုံစံပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| သဘောတူစာချုပ် ချုပ်ဆိုမှုပုံစံ | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| **သဘောတူစာချုပ်အမျိုးအစား** | | | | | | | | | |
| သဘောတူစာချုပ် | ၁၇.၆ | ၁၂.၉ | ၂၄.၀ | ၂၉.၉ | ၂၃.၂ | ၃၉.၁ | ၁၁.၀ | ၇.၃ | ၁၅.၉ |
| နှုတ်ဖြင့်သဘောတူညီမှု | ၄၉.၆ | ၅၂.၈ | ၄၅.၁ | ၃၇.၅ | ၄၂.၃ | ၃၁.၀ | ၅၆.၀ | ၅၈.၆ | ၅၂.၆ |
| မသိပါ | ၃၂.၈ | ၃၄.၃ | ၃၀.၉ | ၃၂.၆ | ၃၄.၅ | ၂၉.၉ | ၃၃.၀ | ၃၄.၁ | ၃၁.၅ |
| **သဘောတူစာချုပ် သက်တမ်း** | | | | | | | | | |
| သက်တမ်းအကန့် အသတ်/ယာယီ | ၄၆.၉ | ၄၈.၂ | ၄၅.၄ | ၃၀.၀ | ၃၂.၉ | ၂၆.၄ | ၅၆.၁ | ၅၆.၄ | ၅၅.၇ |
| သက်တမ်းအကန့် အသတ်မရှိ/အမြဲတမ်း | ၄၀.၇ | ၃၈.၈ | ၄၃.၁ | ၅၄.၆ | ၅၀.၃ | ၆၀.၀ | ၃၃.၂ | ၃၂.၆ | ၃၃.၉ |
| မသိပါ | ၁၂.၄ | ၁၃.၀ | ၁၁.၅ | ၁၅.၄ | ၁၆.၈ | ၁၃.၆ | ၁၀.၇ | ၁၁.၀ | ၁၀.၄ |
| **စုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| **အသက် ၁၅ နှစ်နှင့် အထက် အလုပ်လက်ရှိ ဦးရေ (သန်းပေါင်း)** | ၂၁.၉၄ | ၁၂.၆၉ | ၉.၂၅ | ၆.၁၃ | ၃.၄၄ | ၂.၇၀ | ၁၅.၈၁ | ၉.၂၆ | ၆.၅၅ |

*ရင်းမြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

## ၆.၃ အလုပ်ချိန်နာရီ

ဇယား ၆.၅ တွင် တစ်ပတ်အလုပ်ချိန်နာရီအလိုက် လုပ်ခလစာရ အလုပ်သမားတို့၏ ပျံ့နှံ့မှု ရာခိုင်နှုန်းကို ကျား၊ မ၊ မြို့ပြ၊ ကျေးလက် ခွဲခြားဖော်ပြထားပါသည်။

ပြည်ထောင်စုအဆင့်တွင် လုပ်ခ၊ လစာရ အလုပ်သမားများ၏ ပျမ်းမျှ တစ်ပတ်အလုပ်ချိန် နာရီမှာ ၅၁ နာရီဖြစ်ပြီး၊ အမျိုးသားများ၏ ပျမ်းမျှတစ်ပတ်အလုပ်ချိန် နာရီ ၅၂ နာရီ၊ အမျိုးသမီးများ၏ ပျမ်းမျှ တစ်ပတ်အလုပ်ချိန် ၄၉ နာရီ၊ မြို့ပြတွင် လစာရအလုပ်သမားတို့၏ ပျမ်းမျှတစ်ပတ်အလုပ်ချိန်နာရီ ၅၁ နာရီ၊ ကျေးလက်ဒေသတွင် လစာရအလုပ်သမားတို့၏ ပျမ်းမျှတစ်ပတ်အလုပ်ချိန်နာရီ ၅၁ နာရီ ဖြစ်ကြောင်းတွေ့ရှိရပါသည်။

တစ်ပတ်အလုပ်ချိန်ကို အလုပ်ချိန်နာရီအုပ်စု ၇ ခုခွဲခြား၍ ၁၀ နာရီအောက်မှ ၆၁ နာရီနှင့် အထက်ထိ လုပ်ခလစာရ အလုပ်လုပ်ကိုင်နေသူကို ဖော်ပြထားပြီး၊ တစ်ပတ်ပျမ်းမျှအလုပ်ချိန် ၅၁-၆၀ နာရီကြားတွင် လုပ်ခလစာရ အလုပ်လုပ်ကိုင်နေသူ ၃၂.၅% ၊ တစ်ပတ်ပျမ်းမျှအလုပ်ချိန် ၄၁-၅၀ နာရီကြား လုပ်ခလစာရ အလုပ်လုပ်ကိုင်နေသူ ၂၉.၀% ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။

**ဇယား (၆.၅)တစ်ပတ်အလုပ်ချိန်နာရီအလိုက် လုပ်ခလစာရအလုပ်သမားတို့၏ ပျံ့နှံ့မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| တစ်ပတ်အလုပ် ချိန်နာရီ | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| <= ၁၀ | ၀.၄ | ၀.၃ | ၀.၄ | ၀.၂ | ၀.၂ | ၀.၃ | ၀.၄ | ၀.၄ | ၀.၅ |
| ၁၁ - ၂၀ | ၀.၉ | ၀.၉ | ၀.၉ | ၀.၆ | ၀.၇ | ၀.၄ | ၁.၁ | ၁.၀ | ၁.၁ |
| ၂၁ - ၃၀ | ၄.၀ | ၃.၅ | ၄.၇ | ၃.၀ | ၂.၆ | ၃.၇ | ၄.၅ | ၄.၀ | ၅.၂ |
| ၃၁ - ၄၀ | ၁၈.၁ | ၁၅.၁ | ၂၂.၃ | ၂၁.၂ | ၁၆.၈ | ၂၇.၃ | ၁၆.၅ | ၁၄.၁ | ၁၉.၇ |
| ၄၁ - ၅၀ | ၂၉.၀ | ၂၈.၀ | ၃၀.၅ | ၃၀.၁ | ၂၈.၉ | ၃၁.၇ | ၂၈.၅ | ၂၇.၄ | ၂၉.၉ |
| ၅၁ - ၆၀ | ၃၂.၅ | ၃၃.၇ | ၃၀.၇ | ၃၀.၀ | ၃၁.၅ | ၂၇.၈ | ၃၃.၈ | ၃၅.၀ | ၃၂.၂ |
| ၆၁+ | ၁၅.၁ | ၁၈.၅ | ၁၀.၅ | ၁၄.၉ | ၁၉.၃ | ၈.၈ | ၁၅.၂ | ၁၈.၁ | ၁၁.၄ |
| **စုစုပေါင်း** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| **ပျမ်းမျှတစ်ပတ် အလုပ်ချိန်နာရီ** | ၅၁ | ၅၂ | ၄၉ | ၅၁ | ၅၂ | ၄၈ | ၅၁ | ၅၂ | ၄၉ |
| **အသက် ၁၅ နှစ် နှင့်အထက် လုပ်ခလစာရ အလုပ်သမား ဦးရေ (သန်းပေါင်း)** | ၈.၀၇ | ၄.၆၄ | ၃.၄၂ | ၂.၈၂ | ၁.၆၃ | ၁.၁၉ | ၅.၂၄ | ၃.၀၁ | ၂.၂၃ |

*ရင်းမြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

**ပုံ (၆.၂) တစ်ပတ်အလုပ်ချိန်နာရီအလိုက် လုပ်ခလစာရအလုပ်သမားတို့၏ပျံ့နှံ့မှုရာခိုင်နှုန်း**



## ၆.၄ အလုပ်အကိုင်ပြောင်းလဲလုပ်ကိုင်လိုခြင်း

ဇယား ၆.၆ တွင် လစာရအလုပ်သမားတို့၏ လက်ရှိအလုပ်အကိုင်ကို ပြောင်းလဲလုပ်ကိုင်လိုသည့် အကြောင်းပြချက်အလိုက် ကျား၊ မ၊ မြို့ပြ၊ ကျေးလက် ခွဲခြားဖော်ပြထားပါသည်။

လက်ရှိအလုပ်အကိုင်ကို ပြောင်းလဲလုပ်ကိုင်လိုသည့် အကြောင်းပြချက်၏ ၃၅.၅% သည် လက်ရှိအလုပ်၏ လုပ်ခလစာနည်းပါးခြင်း၊ ၂၆% သည် လက်ရှိအလုပ်သည် ယာယီကာလတိုဖြစ်ခြင်း၊ ၂၅.၄% သည် အလုပ်လုပ်ရသည့်အခြေအနေများ တိုးတက်ကောင်းမွန်စေရန် ပြောင်းလဲလုပ်ကိုင်လိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြို့ပြနှင့် ကျေးလက်၊ အမျိုးသား၊ အမျိုးသမီးတို့၏လက်ရှိအလုပ်ကို ပြောင်းလဲလုပ်ကိုင်လိုခြင်းသည် လုပ်ခ၊ လစာနည်းပါးခြင်းကြောင့်ဟု ဖြေဆိုမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၆.၆) လစာရအလုပ်သမားတို့၏ လက်ရှိအလုပ်အကိုင်ကို ပြောင်းလဲလုပ်ကိုင်လိုသည့် အကြောင်းပြချက်အလိုက် ပျံ့နှံ့မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| အကြောင်းပြချက် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| အလုပ်က ယာယီ/ ကာလတိုဖြစ် | ၂၆.၀ | ၂၆.၈ | ၂၄.၇ | ၁၃.၉ | ၁၆.၈ | ၉.၆ | ၂၉.၄ | ၂၉.၄ | ၂၉.၄ |
| အလုပ်က လစာ/ လုပ်ခနည်း | ၃၅.၅ | ၃၃.၆ | ၃၈.၇ | ၄၃.၆ | ၃၉.၂ | ၅၀.၀ | ၃၃.၂ | ၃၂.၁ | ၃၅.၁ |
| လုံခြုံစိတ်ချရသော အလုပ်ရရှိရန် | ၇.၆ | ၇.၀ | ၈.၆ | ၁၀.၆ | ၉.၈ | ၁၁.၆* | ၆.၈ | ၆.၃ | ၇.၇ |
| အလုပ်လုပ်ရသည့် အခြေအနေများ တိုးတက်ကောင်းမွန်ရန် | ၂၅.၄ | ၂၆.၆ | ၂၃.၄ | ၂၃.၉ | ၂၅.၀ | ၂၂.၂ | ၂၅.၈ | ၂၇.၀ | ၂၃.၈ |
| အခြား | ၅.၅ | ၆.၀ | ၄.၆ | ၈.၂ | ၉.၂ | ၆.၅* | ၄.၈ | ၅.၂ | ၄.၁* |
| **စုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| **အသက် ၁၅ နှစ် နှင့်အထက် လုပ်ခလစာရ အလုပ်သမား ဦးရေ (သန်းပေါင်း)** | ၈.၀၇ | ၄.၆၄ | ၃.၄၂ | ၂.၈၂ | ၁.၆၃ | ၁.၁၉ | ၅.၂၄ | ၃.၀၁ | ၂.၂၃ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

** နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်းမြင့်မားနိုင်ပါသည်။*

# အခန်း(၇)

## လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း

ဤအခန်းတွင် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူ၊ အသက် ၁၅ နှစ်မှ ၂၄ နှစ်အကြား လူငယ်တို့၏ လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှုအခြေအနေကို အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့၊ အလုပ်လက်မဲ့နှင့် ဖြစ်နိုင်ခြေရှိသောလုပ်သားအင်အား၊ စုစုပေါင်း လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုဟူ၍ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်အလိုက် ဖော်ပြထားပါသည်။




### ၇.၁ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း

ဇယား ၇.၁ တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင် အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ ၁.၀၄ သန်းခန့်၊ အလုပ်လက်မဲ့ အရေအတွက် ၀.၃၆ သန်းခန့်၊ ဖြစ်နိုင်ခြေရှိသောလုပ်သားအင်အား ၀.၂၅ သန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၇.၁) လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်သူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

(သန်းပေါင်း)

| ပါဝင်မှု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ | ၁.၀၄ | ၀.၆၂ | ၀.၄၂ | ၀.၁၉ | ၀.၁၁ | ၀.၀၈ | ၀.၈၅ | ၀.၅၁ | ၀.၃၄ |
| အလုပ်လက်မဲ့ | ၀.၃၆ | ၀.၁၆ | ၀.၂၀ | ၀.၁၄ | ၀.၀၆ | ၀.၀၈ | ၀.၂၂ | ၀.၁၀ | ၀.၁၂ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား (Marginal Attachement) | ၀.၂၅ | ၀.၀၉ | ၀.၁၆ | ၀.၀၆ | ၀.၀၂ | ၀.၀၄ | ၀.၁၉ | ၀.၀၇ | ၀.၁၂ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ဇယား ၇.၂ တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ၏ လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှုနှုန်းကို ဖော်ပြထားရာ ပြည်ထောင်စုအဆင့် စုစုပေါင်းလုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းမှာ ၇.၂% ၊ အမျိုးသား လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း ၆.၇%၊ အမျိုးသမီး လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း ၈.၀% နှင့် မြို့ပြတွင် ၆.၀%၊ ကျေးလက်တွင် ၇.၇% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၇.၂) လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| ပါဝင်မှု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း | ၄.၆ | ၄.၈ | ၄.၄ | ၃.၀ | ၃.၂ | ၂.၈ | ၅.၃ | ၅.၄ | ၅.၁ |
| အလုပ်လက်မဲ့နှုန်း | ၁.၆ | ၁.၂ | ၂.၀ | ၂.၁ | ၁.၇ | ၂.၇ | ၁.၃ | ၁.၀ | ၁.၇ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အားနှုန်း (Marginal Attachement) | ၁.၁ | ၀.၇ | ၁.၇ | ၀.၉ | ၀.၅ | ၁.၃ | ၁.၂ | ၀.၇ | ၁.၈ |
| လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း | ၇.၂ | ၆.၇ | ၈.၀ | ၆.၀ | ၅.၄ | ၆.၈ | ၇.၇ | ၇.၁ | ၈.၅ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

## ၇.၂ လူငယ်များ၏ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း

ဇယား၇.၃ တွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြား လူငယ်များ၏ ပြည်ထောင်စုအဆင့် အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ ၀.၃၇ သန်းခန့်၊ အလုပ်လက်မဲ့ဦးရေ ၀.၁၇ သန်းခန့်၊ ဖြစ်နိုင်ခြေရှိသည့် လုပ်သားအင်အား ၀.၀၉ သန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၇.၃) အသက် ၁၅ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်များ၏ လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်သူဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

(သန်းပေါင်း)

| ပါဝင်မှု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ | ၀.၃၇ | ၀.၂၂ | ၀.၁၅ | ၀.၀၅ | ၀.၀၃ | ၀.၀၂ | ၀.၃၂ | ၀.၁၉ | ၀.၁၃ |
| အလုပ်လက်မဲ့ | ၀.၁၇ | ၀.၀၈ | ၀.၀၉ | ၀.၀၇ | ၀.၀၃ | ၀.၀၄ | ၀.၁၀ | ၀.၀၅ | ၀.၀၅ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား (Marginal Attachement) | ၀.၀၉ | ၀.၀၃ | ၀.၀၆ | ၀.၀၂ | ၀.၀၁ | ၀.၀၁ | ၀.၀၇ | ၀.၀၂ | ၀.၀၅ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ဇယား ၇.၄ တွင် အသက် ၁၅ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်များ၏ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းကို ဖော်ပြထားရာ ပြည်ထောင်စုအဆင့် စုစုပေါင်း လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း ၁၄.၁% ရှိပြီး၊ အမျိုးသား ၁၃.၆%၊ အမျိုးသမီး ၁၄.၈% ဖြစ်သည်ကိုတွေ့ရပါသည်။

မြို့ပြတွင် ၁၂.၆% ၊ ကျေးလက်တွင် ၁၄.၆% ဖြစ်ပြီး၊ မြို့ပြထက် ကျေးလက်ဒေသတွင် အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ဖြစ်မှုနှုန်း ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

လူငယ်အမျိုးသမီးများ၏ အလုပ်လက်မဲ့နှုန်း ၄.၈% ဖြင့် လူငယ်အမျိုးသား အလုပ်လက်မဲ့နှုန်း ၃.၃% ထက်ပိုများပြီး လူငယ်အမျိုးသမီးများ၏ ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အားသည် ၃% ဖြင့် အမျိုးသားများထက် ၂ ဆခန့်ရှိသည်ကို တွေ့ရှိရပါသည်။

လူငယ်အမျိုးသမီးများ၏ စုစုပေါင်းလုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်းသည် ကျေးလက်ဒေသနှင့် မြို့ပြဒေသနှစ်ခုလုံးတွင် လူငယ်အမျိုးသားများထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။

**ဇယား (၇.၄) အသက် ၁၅ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်များ၏ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| ပါဝင်မှု | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း | ၈.၃ | ၉.၁ | ၇.၄ | ၄.၃ | ၅.၂ | ၃.၄ | ၉.၆ | ၁၀.၃ | ၈.၈ |
| အလုပ်လက်မဲ့နှုန်း | ၄.၀ | ၃.၃ | ၄.၈ | ၆.၅ | ၅.၄ | ၇.၇ | ၃.၂ | ၂.၇ | ၃.၈ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အားနှုန်း (Marginal Attachement) | ၂.၁ | ၁.၃ | ၃.၀ | ၂.၀ | ၁.၈ | ၂.၃ | ၂.၁ | ၁.၂ | ၃.၂ |
| လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်း | ၁၄.၁ | ၁၃.၆ | ၁၄.၈ | ၁၂.၆ | ၁၂.၁ | ၁၃.၂ | ၁၄.၆ | ၁၄.၀ | ၁၅.၄ |

*ဓာတ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

# အခန်း (၈)

# ကလေးလုပ်သား

ဤအခန်းတွင် စစ်တမ်းမှရရှိလာသော အချက်အလက်များအပေါ် အခြေခံ၍ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိကလေးများ၊ အလုပ်လုပ်သောကလေးများနှင့် ကလေးလုပ်သားများ၏ အခြေအနေများကို ဖော်ပြထားပါသည်။ ကလေးများနှင့် ပတ်သက်သည့် လူဦးရေဆိုင်ရာ အကြောင်းအရာများ၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများ၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးများ၏ အခြေအနေအချက်အလက်များကို ဖော်ပြထားပါသည်။

## ၈.၁ အလုပ်လုပ်သော ကလေးများ

ဤအပိုင်းတွင် နိုင်ငံအတွင်းရှိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့ပြ၊ ကျေးလက်ဒေသများရှိ အသက် ၅-၁၇ နှစ်အတွင်း ကလေးများ၏ လူဦးရေပျံ့နှံ့မှုကို ဖော်ပြထားပါသည်။ မြန်မာတစ်နိုင်ငံလုံးအသက် ၅-၁၇ နှစ်အတွင်း ကလေးဦးရေစုစုပေါင်းမှာ ၁၂.၄၁ သန်းရှိပြီး ယောကျ်ားလေး ၆.၁၆ သန်းနှင့် မိန်းကလေး ၆.၂၅ သန်းရှိရာ ကျား၊ မ နှိုင်းယှဉ်ကြည့်ပါက မိန်းကလေးဦးရေသည် အနည်းငယ်ပိုမိုသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြည့်မည်ဆိုပါက ကလေးဦးရေမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁.၆၇ သန်းဖြင့် အများဆုံး၊ ကယားပြည်နယ်တွင် ၀.၀၉ သန်းဖြင့် အနည်းဆုံး ဖြစ်ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအကြား သိသာစွာ ကွာဟမှုမရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်အလိုက် ကြည့်မည်ဆိုပါက ကျေးလက်ဒေသရှိ ကလေးဦးရေသည် မြို့ပြဒေသရှိ ကလေးဦးရေထက် ၃ ဆခန့် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသရှိ ကလေးဦးရေတွင် ရန်ကုန်တိုင်းဒေသကြီးသည် ၁.၀၇ သန်းခန့်ဖြင့် အများဆုံးဖြစ်ပြီး၊ ကျေးလက်ဒေသရှိ ကလေးဦးရေတွင် ဧရာဝတီတိုင်းဒေသကြီးတွင် ၁.၄၆ သန်းခန့်ဖြင့် အများဆုံးရှိသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျေးလက်၊ မြို့ပြရှိ ကလေးဦးရေကို ဇယား ၈.၁ တွင် ဖော်ပြထားပါသည်။

**ဇယား (၈.၁) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးဦးရေ (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

(သန်းပေါင်း)

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၀.၄၅ | ၀.၂၂ | ၀.၂၂ | ၀.၁၆ | ၀.၀၈ | ၀.၀၈ | ၀.၂၉ | ၀.၁၄ | ၀.၁၄ |
| ကယား | ၀.၀၉ | ၀.၀၅ | ၀.၀၄ | ၀.၀၂ | ၀.၀၁ | ၀.၀၁ | ၀.၀၇ | ၀.၀၄ | ၀.၀၃ |
| ကရင် | ၀.၄၆ | ၀.၂၄ | ၀.၂၃ | ၀.၀၉ | ၀.၀၅ | ၀.၀၄ | ၀.၃၈ | ၀.၁၉ | ၀.၁၉ |
| ချင်း | ၀.၂၀ | ၀.၁၀ | ၀.၁၀ | ၀.၀၄ | ၀.၀၂ | ၀.၀၂ | ၀.၁၇ | ၀.၀၉ | ၀.၀၈ |
| စစ်ကိုင်း | ၁.၁၇ | ၀.၅၈ | ၀.၅၉ | ၀.၂၀ | ၀.၀၉ | ၀.၁၀ | ၀.၉၇ | ၀.၄၈ | ၀.၄၉ |
| တနင်္သာရီ | ၀.၄၂ | ၀.၂၂ | ၀.၂၀ | ၀.၀၈ | ၀.၀၄ | ၀.၀၄ | ၀.၃၄ | ၀.၁၈ | ၀.၁၆ |
| ပဲခူး | ၁.၂၁ | ၀.၆၁ | ၀.၆၁ | ၀.၂၃ | ၀.၁၁ | ၀.၁၂ | ၀.၉၉ | ၀.၅၀ | ၀.၄၉ |

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| မကွေး | ၀.၈၃ | ၀.၄၀ | ၀.၄၃ | ၀.၁၁ | ၀.၀၅ | ၀.၀၆ | ၀.၇၃ | ၀.၃၅ | ၀.၃၈ |
| မန္တလေး | ၁.၃၇ | ၀.၇၀ | ၀.၆၇ | ၀.၄၂ | ၀.၂၁ | ၀.၂၁ | ၀.၉၅ | ၀.၄၈ | ၀.၄၆ |
| မွန် | ၀.၄၉ | ၀.၂၃ | ၀.၂၇ | ၀.၁၃ | ၀.၀၆ | ၀.၀၇ | ၀.၃၇ | ၀.၁၇ | ၀.၂၀ |
| ရခိုင် | ၀.၈၁ | ၀.၃၉ | ၀.၄၁ | ၀.၀၉ | ၀.၀၄ | ၀.၀၄ | ၀.၇၂ | ၀.၃၅ | ၀.၃၇ |
| ရန်ကုန် | ၁.၆၅ | ၀.၈၃ | ၀.၈၂ | ၁.၀၇ | ၀.၅၄ | ၀.၅၃ | ၀.၅၈ | ၀.၂၉ | ၀.၂၉ |
| ရှမ်း | ၁.၃၀ | ၀.၆၆ | ၀.၆၄ | ၀.၃၂ | ၀.၁၇ | ၀.၁၆ | ၀.၉၇ | ၀.၄၉ | ၀.၄၉ |
| ဧရာဝတီ | ၁.၆၇ | ၀.၇၉ | ၀.၈၈ | ၀.၂၁ | ၀.၁၁ | ၀.၁၀ | ၁.၄၆ | ၀.၆၈ | ၀.၇၈ |
| နေပြည်တော် | ၀.၂၉ | ၀.၁၅ | ၀.၁၄ | ၀.၀၈ | ၀.၀၄ | ၀.၀၄ | ၀.၂၁ | ၀.၁၁ | ၀.၁၀ |
| **စုစုပေါင်း** | ၁၂.၄၁ | ၆.၁၆ | ၆.၂၅ | ၃.၂၃ | ၁.၆၁ | ၁.၆၂ | ၉.၁၈ | ၄.၅၅ | ၄.၆၄ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

ဇယား ၈.၂ တွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့ပြ၊ ကျေးလက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ယောကျ်ားလေးရာခိုင်နှုန်းသည် မိန်းကလေးထက် ပိုမိုမြင့်မားလျက်ရှိပြီး၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသတွင်းရှိကလေးများတွင် အလုပ်လုပ်ကိုင်နေသောကလေးများ၏ ရာခိုင်နှုန်းကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးတွင် အမြင့်ဆုံးဖြစ်ပြီး၊ နေပြည်တော်သည် ဒုတိယအများဆုံးနှင့် တနင်္သာရီတိုင်းဒေသကြီးသည် တတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းကို နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ရှိ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် မြို့ပြရှိ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြရှိ အလုပ်လုပ်ကိုင်နေသော ကလေးပါဝင်မှုရာခိုင်နှုန်းတွင် တနင်္သာရီတိုင်းဒေသကြီးတွင် အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရပြီး ကျေးလက်ဒေသရှိ အလုပ်လုပ်သော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်းတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

**ဇယား (၈.၂) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ပါဝင်မှုရာခိုင်နှုန်း (ကျား၊ မ၊ မြို့ပြ၊ ကျေးလက်)**

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၃.၀ | ၃.၈ | ၂.၁ | ၁.၆ | ၂.၅ | ၀.၇ | ၃.၇ | ၄.၅ | ၂.၉ |
| ကယား | ၄.၈ | ၇.၀ | ၂.၀ | ၂.၉ | ၅.၅ | - | ၅.၂ | ၇.၄ | ၂.၅ |
| ကရင် | ၃.၁ | ၄.၈ | ၁.၄ | ၄.၂ | ၆.၀ | ၂.၁ | ၂.၈ | ၄.၄ | ၁.၂ |
| ချင်း | ၂.၆ | ၂.၇ | ၂.၅ | ၂.၉ | ၁.၈ | ၃.၉ | ၂.၅ | ၂.၈ | ၂.၂ |
| စစ်ကိုင်း | ၇.၇ | ၉.၁ | ၆.၃ | ၄.၅ | ၄.၁ | ၄.၉ | ၈.၃ | ၁၀.၀ | ၆.၇ |
| တနင်္သာရီ | ၆.၈ | ၁၀.၀ | ၃.၄ | ၆.၅ | ၉.၉ | ၂.၇ | ၆.၉ | ၁၀.၀ | ၃.၅ |
| ပဲခူး | ၆.၁ | ၆.၇ | ၅.၄ | ၃.၆ | ၁.၆ | ၅.၄ | ၆.၆ | ၇.၈ | ၅.၅ |
| မကွေး | ၅.၃ | ၅.၈ | ၄.၉ | ၅.၅ | ၄.၃ | ၆.၅ | ၅.၃ | ၆.၀ | ၄.၇ |
| မန္တလေး | ၆.၃ | ၅.၈ | ၆.၈ | ၅.၁ | ၅.၈ | ၄.၃ | ၆.၈ | ၅.၇ | ၇.၉ |

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| မွန် | ၄.၈ | ၅.၄ | ၄.၂ | ၃.၂ | ၃.၆ | ၃.၀ | ၅.၃ | ၆.၀ | ၄.၇ |
| ရခိုင် | ၃.၄ | ၄.၈ | ၂.၀ | ၄.၄ | ၃.၄ | ၅.၄ | ၃.၂ | ၄.၉ | ၁.၆ |
| ရန်ကုန် | ၄.၈ | ၄.၄ | ၅.၃ | ၄.၃ | ၄.၃ | ၄.၂ | ၅.၉ | ၄.၅ | ၇.၄ |
| ရှမ်း | ၃.၆ | ၃.၄ | ၃.၇ | ၁.၉ | ၁.၈ | ၂.၀ | ၄.၁ | ၄.၀ | ၄.၃ |
| ဧရာဝတီ | ၅.၁ | ၆.၄ | ၃.၉ | ၅.၆ | ၇.၁ | ၄.၀ | ၅.၀ | ၆.၂ | ၃.၉ |
| နေပြည်တော် | ၇.၀ | ၈.၅ | ၅.၄ | ၅.၆ | ၇.၁ | ၄.၀ | ၇.၆ | ၉.၀ | ၆.၀ |
| **စုစုပေါင်း** | ၅.၂ | ၅.၈ | ၄.၅ | ၄.၁ | ၄.၄ | ၃.၉ | ၅.၅ | ၆.၃ | ၄.၈ |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

*" - " နမူနာဦးရေ ပါဝင်ခဲ့ခြင်းမရှိပါ။*

## ၈.၂ ကလေးလုပ်သား

ဇယား ၈.၃ တွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးလုပ်သား ပါဝင်မှုနှုန်းများကို ဖော်ပြထားပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြည့်မည်ဆိုပါက နေပြည်တော်ရှိ ကလေးဦးရေစုစုပေါင်း၏ ၆.၁% သည် ကလေးလုပ်သားအဖြစ် ပါဝင်မှုနှုန်းအများဆုံးတွေ့ရှိရပြီး၊ တနင်္သာရီတိုင်းဒေသကြီးရှိ ကလေးဦးရေ စုစုပေါင်း၏ ၅.၈% သည် ကလေးလုပ်သားအဖြစ် ပါဝင်မှုနှုန်း ဒုတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကျား၊ မအလိုက် ကြည့်မည်ဆိုပါက တနင်္သာရီတိုင်းဒေသကြီးရှိ ယောကျ်ားလေးဦးရေ စုစုပေါင်း၏ ၈.၅% သည် ကလေးလုပ်သားအဖြစ် ပါဝင်မှုနှုန်းအများဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးရှိ မိန်းကလေး ဦးရေစုစုပေါင်း၏ ၅.၂% သည် ကလေးလုပ်သားအဖြစ် ပါဝင်မှုနှုန်းအများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်အလိုက် ကြည့်မည်ဆိုပါက ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးများရှိ မြို့ပြဒေသများတွင် မိန်းကလေးကလေးလုပ်သားပါဝင်မှုနှုန်း အများဆုံးဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး နှင့် နေပြည်တော်တွင် ယောကျ်ားလေး ကလေးလုပ်သားပါဝင်မှုနှုန်း အများဆုံးဖြစ်သည်ကို တွေ့ရှိရ ပါသည်။ ကျေးလက်ဒေသရှိ ယောကျ်ားလေး၊ မိန်းကလေးပါဝင်မှုကို ကြည့်မည်ဆိုပါကလည်း တနင်္သာရီ တိုင်းဒေသကြီးနှင့် နေပြည်တော်တွင် ယောကျ်ားလေး ကလေးလုပ်သားဦးရေ ပါဝင်မှုမြင့်မားလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တွင် မိန်းကလေး ကလေးလုပ်သား ပါဝင်မှုနှုန်း မြင့်မားကြောင်း တွေ့ရှိရပါသည်။

**ဇယား (၈.၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကလေးလုပ်သား ပါဝင်မှုရာခိုင်နှုန်း (ကျား၊ မ၊ ကျေးလက်၊ မြို့ပြ)**

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၂.၁ | ၂.၃ | ၁.၈ | ၁.၃ | ၂.၁ | ၀.၅ | ၂.၅ | ၂.၄ | ၂.၅ |
| ကယား | ၂.၁ | ၃.၃ | ၀.၆ | ၁.၆ | ၃.၀ | - | ၂.၂ | ၃.၄ | ၀.၇ |
| ကရင် | ၁.၁ | ၁.၆ | ၀.၆ | ၂.၄ | ၃.၀ | ၁.၇ | ၀.၈ | ၁.၃ | ၀.၄ |
| ချင်း | ၁.၁ | ၁.၄ | ၀.၈ | ၀.၈ | ၀.၃ | ၁.၂ | ၁.၂ | ၁.၆ | ၀.၈ |
| စစ်ကိုင်း | ၃.၉ | ၄.၈ | ၃.၀ | ၂.၄ | ၃.၂ | ၁.၆ | ၄.၂ | ၅.၁ | ၃.၃ |
| တနင်္သာရီ | ၅.၈ | ၈.၅ | ၂.၇ | ၅.၅ | ၈.၄ | ၂.၃ | ၅.၈ | ၈.၆ | ၂.၈ |

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်း | | | မြို့ပြ | | | ကျေးလက် | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ပဲခူး | ၄.၈ | ၅.၃ | ၄.၄ | ၃.၀ | ၀.၈ | ၅.၀ | ၅.၃ | ၆.၂ | ၄.၂ |
| မကွေး | ၃.၆ | ၃.၉ | ၃.၂ | ၃.၈ | ၃.၁ | ၄.၃ | ၃.၅ | ၄.၀ | ၃.၁ |
| မန္တလေး | ၅.၂ | ၅.၃ | ၅.၂ | ၄.၅ | ၅.၆ | ၃.၄ | ၅.၅ | ၅.၁ | ၅.၉ |
| မွန် | ၂.၅ | ၂.၄ | ၂.၅ | ၁.၅ | ၁.၃ | ၁.၇ | ၂.၈ | ၂.၈ | ၂.၈ |
| ရခိုင် | ၃.၁ | ၄.၅ | ၁.၇ | ၃.၉ | ၂.၄ | ၅.၄ | ၃.၀ | ၄.၈ | ၁.၃ |
| ရန်ကုန် | ၂.၄ | ၂.၂ | ၂.၅ | ၁.၉ | ၁.၉ | ၁.၉ | ၃.၂ | ၂.၈ | ၃.၇ |
| ရှမ်း | ၁.၈ | ၂.၁ | ၁.၄ | ၁.၁ | ၁.၆ | ၀.၆ | ၂.၀ | ၂.၃ | ၁.၆ |
| ဧရာဝတီ | ၃.၅ | ၄.၃ | ၂.၇ | ၄.၁ | ၅.၀ | ၃.၃ | ၃.၄ | ၄.၂ | ၂.၇ |
| နေပြည်တော် | ၆.၁ | ၇.၇ | ၄.၅ | ၄.၅ | ၆.၄ | ၂.၆ | ၆.၈ | ၈.၁ | ၅.၂ |
| **စုစုပေါင်း** | **၃.၄** | **၄.၀** | **၂.၉** | **၂.၆** | **၂.၉** | **၂.၄** | **၃.၇** | **၄.၃** | **၃.၀** |

*ဇာစ်မြစ်: ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း*

*" - "နမူနာဦးရေ ပါဝင်ခဲ့ခြင်းမရှိပါ။*

## ၈.၃ အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သား

ဇယား ၈.၄ တွင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးလုပ်သား ပါဝင်မှုရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ ကလေးဦးရေစုစုပေါင်း၏ ၃.၂% သည် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေရသော ကလေးများဖြစ်သည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြည့်မည်ဆိုပါက နေပြည်တော်ရှိ ကလေးဦးရေစုစုပေါင်း၏ ၆.၁% သည် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် အများဆုံးလုပ်ကိုင်နေကြရပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ၅.၈% ဖြင့် ဒုတိယအများဆုံး၊ မန္တလေးတိုင်းဒေသကြီးတွင် ၅.၀% ဖြင့် တတိယအများဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျား၊ မ နှိုင်းယှဉ်ကြည့်ပါက တနင်္သာရီတိုင်းဒေသကြီးရှိ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသော ယောကျ်ားလေး ပါဝင်မှုရာခိုင်နှုန်းသည် ၈.၅% ဖြင့် အများဆုံးဖြစ်ပြီး နေပြည်တော်တွင် ၇.၇% ဖြင့် ဒုတိယအများဆုံး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၅.၁% ဖြင့် တတိယအများဆုံး ပါဝင်လျက်ရှိပြီး၊ မန္တလေးတိုင်းဒေသကြီးတွင် မိန်းကလေးပါဝင်မှုအများဆုံး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်တွင် ရာခိုင်နှုန်းတူညီစွာဖြင့် ဒုတိယအများဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။

